# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 2 January 2025 ၁၁၆၉၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအား ရှေးမူမပျက် အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အအုံဆိုင်းဘုတ်တို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## ကုန်စည်ပို့ဆောင်ရေးအတွက်လိုအပ်မည့် ဈေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်

နေပြည်တော် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းသို့ ရောက်ရှိကြရာ ဒလသင်္ဘောကျင်းမှ မိသားစုဝင် ကလေးငယ်လေးများက ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»



ယနေ့ ဖတ်စရာ

ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်း စာမျက်နှာ » ၆

ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ၌ ချယ်ရီပန်းပွဲတော်(၂၀၂၅) ဖွင့်လှစ် စာမျက်နှာ » ၉

တို့ပြည် တို့မြေ အစွန့်ရှည် ဖွံ့ဖြိုးတိုးတက်စေ ဆောင်းပါး စာမျက်နှာ » ၁၀

တရုတ်နိုင်ငံ၏ Chang’e-8 လဆင်းယာဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင်ရန် စက်ရုပ်တီထွင်ထုတ်လုပ်မည် စာမျက်နှာ » ၁၃

ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)၌ အပင်တစ်သျှူးမျိုးပွားနည်းပညာများဖြင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိ စာမျက်နှာ » ၂၀

ကြေးမုံ

# နှစ်သစ်တွင် တိုင်းပြည်ကောင်းကျိုးဆောင်ကြဉ်း

နှစ်သစ်ကို သာယာချမ်းမြေ့စွာ ဖြတ်သန်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ဒေသခံပြည်သူမိသားစုဝင်များ နှစ်သစ်ကူးအကြိုကာလနှင့် နှစ်သစ်ကူးပြောင်းချိန်ကာလများတွင် အလှူအတန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲခဲ့သည်ကို စိတ်ချမ်းမြေ့ဖွယ် မြင်တွေ့ရသည်။ အခြားတစ်ဖက်တွင် မငြိမ်းချမ်းသောဒေသများရှိ ပြည်သူများမှာ ပျော်ရွှင်ချမ်းမြေ့မှုများနှင့် ကင်းဝေးပြီး စိုးရိမ်ပူပန်မှုများနှင့် ကြုံနေကြရသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရသည်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေး၏ အသီးအပွင့်များကို အညီအမျှခံစားသင့်ပေသည်။ ထိုသို့ မညီမမျှဖြစ်နေကြရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံရေးအယူအဆကွဲပြားမှုများကြောင့် လက်နက်စွဲကိုင်ကာ တိုင်းရင်းသားလူမျိုးအချင်းချင်း ပဋိပက္ခအသွင်ဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ယနေ့ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများသည် လွတ်လပ်ရေးမရမီက ဆင်နွှဲခဲ့သော တော်လှန်ရေးနှင့်မတူပေ။ ယနေ့ လက်နက်ကိုင်ပဋိပက္ခများသည် ပထဝီနိုင်ငံရေးအခြေအနေများနှင့် နိုင်ငံရေးရည်မှန်းချက်ရှိသော အစုအဖွဲ့များက လက်နက်ကိုင်တပ်ဖွဲ့ပုံစံဖွဲ့၍ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းနေခြင်းဖြစ်သည်။ ပဋိပက္ခများဖြစ်ပွားနေခြင်းသည် နိုင်ငံရေးပြဿနာကို ဦးစားမပေးဘဲ စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းလိုခြင်းကြောင့်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်းသည် သွေးကွဲခြင်းမှဖြစ်ပေါ်လာသည့် မယုံကြည်မှု၊ ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်မရနိုင်မှု၊ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုမှုစသည့် တစ်မျိုးမဟုတ်တစ်မျိုး အကြောင်းရှိနိုင်သည်။

ယင်းအချက်သုံးချက်တွင် လက်နက်ကိုင်နည်းလမ်းမှလွဲ၍ နိုင်ငံရေးရည်မှန်းချက်နှင့် မယုံကြည်မှုတို့ကို ပြေပျောက်စေရန် တည်ဆောက်နိုင်သည်။ ထိုသို့တည်ဆောက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အခြေခံမူဘောင်များကို အားလုံးသဘောတူညီမှုဖြင့် ချမှတ်ထားသည်။ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်လျက်ရှိသည်။ သို့သော် လက်နက်ကိုင်နည်းလမ်းကို လိုလားသောအဖွဲ့အစည်းများက စစ်ရေးနည်းလမ်းဖြင့် ဆက်လက်ဖြေရှင်းလျက်ရှိသည်။ အကျိုးဆက်မှာ မငြိမ်းချမ်းသောဒေသများမှ ပြည်သူများ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် ဒုက္ခဆင်းရဲမျိုးစုံ ကြုံတွေ့နေရသည်။

ကုန်လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကာလတစ်လျှောက်လုံးသည် လက်နက်ကိုင်ပဋိပက္ခများဖြင့်သာ အဆုံးသတ်ခဲ့ရသည့် ကာလများမဟုတ်ပေ။ ခေတ်ကာလအလိုက် ငြိမ်းချမ်းရေးအတွက် မျက်နှာချင်းဆိုင် စားပွဲဝိုင်းထိုင်ဆွေးနွေးခဲ့ကြသည့် ကာလများလည်းရှိခဲ့သည်။ မယုံကြည်မှု၊ ငြင်းဆန်မှု၊ တင်းခံမှု၊ မာနများ၊ အာဃာတများကို ယူဆောင်လာကာ ရှေ့တန်းတင်ခဲ့ကြပြီး အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်လေးစားမှု၊ အမြော်အမြင်ရှိစွာဖြင့် လိုက်လျောမှု၊ အပေးအယူပြုမှု၊ သည်းခံမှုတို့ ပျောက်ဆုံးခဲ့သောရလဒ်များမှာ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း အဆုံးမသတ်နိုင်သော ပဋိပက္ခသံသရာသို့သာ ပြန်လည်သက်ဆင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းလိုသော နိုင်ငံရေးမှာ ရလဒ်မထွက်နိုင်သည်ကို မြန်မာနိုင်ငံသမိုင်းကြောင်းနှင့် မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများ၏ ဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။

နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်သည်။ အဓိကမှာ ငြိမ်းချမ်းရေးကိုလိုလားသည့် ဆန္ဒအရင်းခံရှိရန်နှင့် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေပြီး မယုံကြည်မှု၊ နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကို လျှော့ချကာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ ရည်မှန်းချက်သို့ ရောက်နိုင်မည်။ ထာဝရငြိမ်းချမ်းရေးအတွက် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသော သဘောထားမှတ်ချက်များကို မှတ်တမ်းတင်ထားပြီး နောင်ပေါ်ပေါက်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများကို အစဉ်အမြဲဖိတ်ခေါ်ကြိုဆိုတံခါးဖွင့်ထားလျက်ရှိရာ အာဃာတများ၊ မာနတရားများကို ထားရစ်ခဲ့ပြီး ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးကို မြော်တွေးပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ရန်၊ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး ပျော်ရွှင်ချမ်းမြေ့မှုကို တန်းတူညီမျှခံစားရရှိနိုင်ရန် ယခုနှစ်သစ်မှစတင်၍ တိုင်းပြည်ကောင်းကျိုးကို ဆောင်ကြဉ်းပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား”ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ဆီနေကြာအထွက်တိုးကောင်းမွန်စေရေး ပညာပေးဟောပြောပွဲ ကျင်းပ

ပင်းတယ ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော ဆီနေကြာသီးနှံအထွက်တိုးကောင်းမွန်စေရေး ပညာပေးဟောပြောပွဲကို မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်းအောင်က ဆီနေကြာ ပန်းတိုင်အထွက်နှုန်းမီစေရန် ရုရှားသဘာဝရွက်ဖျန်းမြေဩဇာ အသုံးပြုမှုအဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွင်လွင်မော်က နေကြာစိုက်ပျိုးမှုနှင့်ပတ်သက်၍ မျိုး၊ မြေ၊ ရေ၊ မြေဩဇာအသုံးပြုမှုများကို ရှင်းလင်းပြသပြီး တက်ရောက်ကြသည့် အသင်းသားတောင်သူများက သိလိုသည်များမေးမြန်းခြင်းကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါနေကြာသီးနှံအထွက်တိုးကောင်းမွန်စေရေး ပညာပေးဟောပြောပွဲသို့ သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပင်းတယမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၀ သင်းမှ အသင်းသားတောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

»»» ရှေ့ဖုံးမှ

ယင်းနောက် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့် တန် ၁၅၀၀ တွဲ ရေယာဉ်အသစ်တို့အား ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**အမွေးနံ့သာရည် ပက်ဖျန်းပေး**

ထို့နောက် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက် အကြီးစားပြန်လည် မွမ်းမံပြီးစီးမှု ကမ္ဗည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အအုံ ဆိုင်းဘုတ်တို့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ဗည်းမော်ကွန်းကျောက်စာအား အမွေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက် အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ဗည်းမော်ကွန်းကျောက်စာအား အမွေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

ဆက်လက်၍ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရှေးဟောင်းဒီဇယ်စက်ပြင် အလုပ်ရုံအတွင်း ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒလသင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခုဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ သမိုင်းအထောက်အထားများအရ **"ခေတ်မီသင်္ဘောကျင်း အစ ဒလက"** ဟု ခေါ်ဆို မှတ်တမ်းတင်မော်ကွန်းပြုရမည့် သင်္ဘောကျင်းလည်း ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို အခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီ ဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဧရာဝတီဖလော်တီလာ ကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ကို စတင်ထည့်သွင်းခဲ့သည်ကို တွေ့ရကြောင်း၊ ၁၉၄၈ ခုနှစ် ဇွန် ၁ ရက်တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဒလသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲတည်ရှိရှင်သန်ခဲ့သည့် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခု ဖြစ်လာခဲ့ကြောင်း။

ဧရာဝတီ ဖလော်တီလာကုမ္ပဏီမှ မြစ်ဖျားခံပေါ်ပေါက်လာခဲ့သည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ ဒလသင်္ဘောကျင်းသည် ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဂျပန်ခေတ်စသည်များကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ထက်တိုင် အစိုးရအဆက်ဆက် နိုင်ငံတော်၏ စီမံကိန်းများစွာတွင် ပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်သည့် ရေယာဉ်များ တည်ဆောက်ပေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများနှင့်အတူ အထောက်အကူပြုခဲ့သည်ကို တွေ့ရကြောင်း။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ရှေးဟောင်း ဒီဇယ်စက်ပြင်အလုပ်ရုံတွင် ပြသထားသောပြခန်းများကို ကြည့်ရှုစဉ်။

»»» စာမျက်နှာ ၃ မှ

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရှေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အအုံ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊ လွန်းကျင်း၊ လွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ၁၈၈၀ ပြည့်နှစ် မတိုင်မီကတည်းက တည်ဆောက်ခဲ့သည့် ရှေးဟောင်းဒီဇယ်စက်ပြင် အလုပ်ရုံ အဆောက်အအုံကြီးသည်လည်း တည်ရှိဆဲဖြစ်ပြီး ၁၉၂၀ ပြည့်နှစ် မတိုင်မီက တည်ဆောက်ခဲ့သည့် အလုပ်ရုံများ၊ အဆောက်အအုံများ များစွာ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင်အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြု ဂုဏ်ယူမိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အဆိုပါပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး (Public Transport) လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှု မှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးတွင် လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ ချောင်းကူး၊ မြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ခဲ့သဖြင့် လက်ရှိကာလ ခရီးသည် ပို့ဆောင်ရေးအတွက် ရေယာဉ် လိုအပ်ချက် နည်းပါးလိမ့်မည်ဟု ယူဆစရာရှိကြောင်း၊ သို့သော် ကုန်စည်ပို့ဆောင်မှုအပိုင်းတွင် ရေလမ်းမှ ပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစုတစည်းတည်း ပို့ဆောင်နိုင်ပြီး ကုန်ကျစရိတ် ပိုမိုသက်သာနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလေးထား ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက် ဧရာဝတီမြစ်ဝှမ်းအထိ ကူးသန်းသွားလာမှု များစွာအထောက်အကူပြုနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေး ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပင်လယ်လမ်းကြောင်းတစ်လျှောက် ကူးသန်းသွားလာမှု မြှင့်တင်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့်ဈေးကွက်ဝင်၊ စီးပွားရေး တွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းကဏ္ဍမှ ထောက်ပံ့ပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကမ်းရိုးတန်း ရေကြောင်းပို့ဆောင်ရေး၊ မြစ်တွင်း ကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည် ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ရေကြောင်းကုန်စည် ပို့ဆောင်မှုစနစ်များ ပိုမိုထိုးဖောက်တိုးမြှင့်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ရေရှည်မျှော်မှန်းပြီး ဒလသင်္ဘောကျင်းကဲ့သို့ သင်္ဘောကျင်းများမှ လိုအပ်သည့်ရေယာဉ်များကို တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်သင်္ဘောကျင်းများ အနေဖြင့် ရေရှည်ကိုမျှော်မှန်းပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သင်္ဘောခုတ်မောင်းသွားလာရန် အင်ဂျင်များသည် ကျောက်မီးသွေးသုံးဘွိုင်လာမှ ဒီဇယ်အင်ဂျင်အထိ နည်းပညာပိုင်းအရပါ ပြောင်းလဲလာကြောင်း၊ အလားတူ ယနေ့ကာလတွင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်များ၌ လျှပ်စစ်ဘက်ထရီ စသည်ဖြင့် စွမ်းအားများ အသုံးပြုနေပြီဖြစ်သည့်အတွက် သင်္ဘောများတွင်လည်း ဘက်ထရီစွမ်းအင်စနစ်ဖြင့် အသုံးပြုနိုင်ရေး သုတေသနပြုဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

✻ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းကဏ္ဍမှ ထောက်ပံ့ပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ကမ်းရိုးတန်းရေကြောင်း ပို့ဆောင်ရေး၊ မြစ်တွင်းကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည် ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ် ပေါင်းစပ်ပြီး ရေကြောင်းကုန်စည်ပို့ဆောင်မှု စနစ်များ ပိုမိုထိုးဖောက်တိုးမြှင့်ပို့ဆောင် နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ် (၁) လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့် တန်-၁၅၀၀ တွဲရေယာဉ်အသစ်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်းလုပ်ငန်းခွင်အတွင်း အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၄ မှ**

ရုပ်ဝတ္ထုပိုင်းအနေဖြင့်လည်း သင်္ဘောကျင်းများတွင် ရှိသည့် ရေယာဉ် တည်ဆောက်မှုဆိုင်ရာ လွှန်းကျင်း၊ လွှန်းလမ်းများ၊ စက်ကိရိယာပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်ရုံများ၊ ဝန်ချီစက်နှင့် ယာဉ်ယန္တရားများ၊ သင်္ဘောကျင်းလမ်းများ၊ လွှန်းတင်မှုစနစ်များ၊ ရေယာဉ်ဒီဇိုင်း ပြုစုမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများနှင့်တကွ လိုအပ်ချက်များကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အညီ ဖြည့်ဆည်း ပြင်ဆင်ထားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမိုင်းဝင် သင်္ဘောကျင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ကြပြီး နိုင်ငံပိုင်သင်္ဘောကျင်းများ အချင်းချင်း ရေယာဉ်တည်ဆောက်မှုဆိုင်ရာ နည်းပညာဖလှယ်မှု၊ နည်းပညာဖြန့်ဝေမှုများ ပြုလုပ်ကြပြီး ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေနှင့် မြစ်တွင်းသယ်ယူပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေယာဉ်များနှင့် ကမ်းရိုးတန်းကုန်စည်ပို့ဆောင်ရေး၊ ကမ်းရိုးတန်းခရီးစဉ်နှင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ခရီးသည်နှင့် ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ရန်ပုံငွေချထားပေးနိုင်မှု၊ ဈေးကွက်ရှိမှုအခြေအနေ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေတို့ကို သုံးသပ်ပြီး ဒလသင်္ဘောကျင်း၏စွမ်းအားကို ရယူ၍ ကမ်းရိုးတန်းရေကြောင်းမှ ကုန်စည် ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ယနေ့ကျင်းပပြုလုပ်သည့် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အခမ်းအနား ပြုလုပ်နိုင်သကဲ့သို့ ဒလသင်္ဘောကျင်းကဲ့သို့ သမိုင်းဝင် ဌာနဆိုင်ရာ စက်ရုံအလုပ်ရုံ အဆောက်အအုံများကို အစဉ် တည်တံ့နေစေရေးအတွက် စောင့်ရှောက်ခြင်း၊ ပြင်ဆင်ခြင်းများနှင့် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက သမိုင်းဝင်ဒလသင်္ဘောကျင်း ဖြစ်တည်ခဲ့မှု၊ သမိုင်းကြောင်း တစ်လျှောက် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိကာလတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်္ဘောကျင်းဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အနာဂတ်ကာလအတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ရေယာဉ်ပုံစံငယ်နှင့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်း ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဒလသင်္ဘောကျင်း ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ သမိုင်းဝင်ရေးဟောင်းဒီဇယ် စက်ပြင်အလုပ်ရုံအတွင်း ပြသထားသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ရေယာဉ်ပုံစံငယ်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင်ဒလသင်္ဘောကျင်းလုပ်ငန်းခွင်အတွင်း အကြီးစား မွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှု အခြေအနေများ၊ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ် တည်ဆောက်နိုင်ရေးအတွက် ရေယာဉ်ပုံစံငယ် စမ်းသပ်မှုလုပ်ငန်းစဉ် ရှင်းလင်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် သမိုင်းဝင် ဒလသင်္ဘောကျင်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဒလသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးသင်္ဘောကျင်းကြီးတစ်ခု ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များအား စီမံချက်နှင့်အညီ မွမ်းမံခြင်း၊ ပို့ဆောင်မှုလိုအပ်ချက်နှင့် ဒေသရေကြောင်းအခြေအနေ လိုအပ်ချက်များအရ ရေယာဉ်ပုံစံ ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ပေးခြင်း၊ ရေယာဉ်သစ် တည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုများတွင် လိုအပ်သော ရေယာဉ်ဆိုင်ရာ ပစ္စည်းများနှင့် စက်ပိုင်းဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ တီထွင်စမ်းသပ်ပေးခြင်း၊ အခြားဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ရေယာဉ်များကို တည်ဆောက်ပြင်ဆင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ဒလသင်္ဘောကျင်းသည် အလွန်ရှေးကျသော သမိုင်းဝင် သင်္ဘောကျင်းဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လွှန်းကျင်း၊ လွှန်းလမ်းများ၊ စက်ကိရိယာများ အိုမင်းဟောင်းနွမ်းလျက် စွမ်းဆောင်ရည်လျော့နည်းလျက်ရှိနေမှုကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများဖြင့် လွှန်းကျင်းလွှန်းလမ်းများ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်း၊ စက်ကိရိယာအသစ်များ တပ်ဆင်ခြင်း၊ အဆောက်အအုံများ ပြန်လည်မွမ်းမံခြင်းများ ဆောင်ရွက်ထားရှိကြောင်းနှင့် ဒလသင်္ဘောကျင်းအနေဖြင့် ပြောင်းလဲတိုးတက်လာသည့် ကုန်သွယ်မှုစနစ်ကို မျက်ခြည်မပြတ်လေ့လာလျက် တိုးတက်ဖြစ်ထွန်းလာသော လူသားအရင်းအမြစ်အား အခြေခံကာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ အနာဂတ်ရည်မှန်းချက်တာဝန်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ဆိုက်ဘာလုံခြုံရေးဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁ / ၂၀၂၅ )**

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် စီရင်ပိုင်ခွင့်**

၁။ ဤဥပဒေကို **ဆိုက်ဘာလုံခြုံရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ (က) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည် –
(၁) ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများ၊
(၂) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများ၊
(ခ) ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

**အခန်း (၂)**
**အဓိပ္ပာယ်ဖော်ပြချက်**

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –
(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကိုဆိုသည်။
(ဂ) **ဦးစီးကော်မတီ**ဆိုသည်မှာ ဗဟိုကော်မတီကဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီကို ဆိုသည်။
(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။
(င) **ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း**ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့က ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။
(စ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။
(ဆ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရန် ဦးစီးကော်မတီက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။
(ဇ) **ဆိုက်ဘာလုံခြုံရေး**ဆိုသည်မှာ သတင်းအချက်အလက်၊ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ ထုတ်ဖော်ရေးသားမှု၊ ပြောဆိုမှု၊ ပေးပို့မှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှု သို့မဟုတ် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှုနှင့် ၎င်းတို့ကိုပြုလုပ်ရန်ကြိုးပမ်းအားထုတ်မှုအား ကာကွယ်ခြင်းလုပ်ငန်းကို ဆိုသည်။
(ဈ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းလည်း ပါဝင်သည်။
(ည) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။
(ဋ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ အွန်လိုင်းတွင် သတင်းအချက်အလက်ကို သုံးစွဲသူမှ ဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုခြင်း ပြုလုပ်နိုင်စေရန် ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။
(ဌ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။
(ဍ) **သတင်းအချက်အလက်**ဆိုသည်မှာ အချက်အလက် (Data)၊ အချက်အလက် အစုအဝေး (Database)၊ အသံ၊ စာသား၊ ပုံရိပ်သဏ္ဌာန်၊ ကုဒ်သင်္ကေတ (Code)၊ လက္ခဏာ သင်္ကေတ (Sign)၊ အချက်ပြသင်္ကေတ (Signal)၊ ဗီဒီယို (Video)၊ ဆော့ဖ်ဝဲ (Software) သို့မဟုတ် အပလီကေးရှင်း (Application) တို့ကို ဆိုသည်။
(ဎ) **အီလက်ထရောနစ်သတင်းအချက်အလက်**ဆိုသည်မှာ ဖက်စ်၊ အီးမေးလ်တို့အပါအဝင် အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်း နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖန်တီးထားသော၊ ပေးပို့သော၊ လက်ခံသော သို့မဟုတ် သိုမှီးထိန်းသိမ်းထားသော သတင်းအချက်အလက်ကို ဆိုသည်။
(ဏ) **အချက်အလက် (Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့်အချက်အလက်ကို ဆိုသည်။
(တ) **ဆိုက်ဘာအရင်းအမြစ်**ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာ ပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ကွန်ရက်အထောက်အကူပြုပစ္စည်း၊ အချက်အလက်အစုအဝေး သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ တိုးတက်ဖြစ်ပေါ်လာသောနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။
(ထ) **ကွန်ပျူတာ**ဆိုသည်မှာ သတင်းအချက်အလက်ကို ရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ခြင်းနှင့် လိုအပ်သောအချိန်၌ ပြန်လည်ဖော်ထုတ်၍ အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာနှင့် ယုတ္တိဗေဒဆိုင်ရာနည်းလမ်းများ အသုံးပြုခြင်းကိုလည်းကောင်း အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်းနည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။
(ဒ) **ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာစနစ်တစ်ရပ်ကို လုပ်ဆောင်လည်ပတ်ရာတွင် ကွန်ပျူတာစနစ်မှ လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ရည်ညွှန်းသည့် လမ်းညွှန်ချက် သို့မဟုတ် ဖော်ပြချက်ကို ဆိုသည်။
(ဓ) **ကွန်ပျူတာစနစ်**ဆိုသည်မှာ ပရိုဂရမ်တစ်ခုခုဖြင့် အချက်အလက်များကို အလိုအလျောက် လုပ်ဆောင်လည်ပတ်စေနိုင်မည့် ပစ္စည်းတစ်မျိုးမျိုး၏ စနစ်ကိုဖြစ်စေ၊ အပြန်အလှန် ဆက်သွယ်တည်ဆောက်ထားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော ပစ္စည်းများပါဝင်သည့် ပစ္စည်း၏ စနစ်ကိုဖြစ်စေဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစနစ်နှင့် ချိတ်ဆက်အသုံးပြုသော အချက်အလက်သိမ်းဆည်းသည့်ပစ္စည်း (Removable Storage Medium) တစ်မျိုးမျိုး၏ စနစ်လည်း ပါဝင်သည်။
(န) **ကွန်ရက်**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်ရေးနည်းပညာဖြင့် အချင်းချင်းအပြန်အလှန် ချိတ်ဆက်အသုံးပြုရန် ပြုလုပ်ထားသော ချိတ်ဆက်မှုအစုအဝေးကို ဆိုသည်။
(ပ) **ဗီပီအန် (Virtual Private Network)** ဆိုသည်မှာ ကွန်ရက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် လုံခြုံမှုရှိစေရန် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ မူလကွန်ရက်အတွင်း ထပ်ပိုးကွန်ရက်အဖြစ် သီးသန့်တူထောင်ထားသည့် စနစ်ကို ဆိုသည်။
(ဖ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကို သော်လည်းကောင်းဆိုသည်။
(ဗ) **အချက်အလက်ဆန်းစစ်ခြင်း**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆောင်ရွက်သည့် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုက်ဘာလုံခြုံရေးအလို့ငှာ ရယူ၍ ဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စစ်ဆေးခြင်း စသည့် လုပ်ဆောင်ချက်တစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်။
(ဘ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက် ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ်သင်္ကေတ (Malicious Code) ကို ဆိုသည်။
(မ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ အီလက်ထရောနစ် သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်း ချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့်ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံခြင်းများ ဆောင်ရွက်နိုင်သည့် နယ်ပယ်ကို ဆိုသည်။
(ယ) **ဆိုက်ဘာတိုက်ခိုက်ခြင်း**ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့အား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် သတင်းအချက်အလက် ဆက်သွယ်မှုကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း၊ မှားယွင်းစေခြင်း၊ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြစ်စေရန် ပြုလုပ်မှုတစ်ခုခုကို ဆိုသည်။
(ရ) **ဆိုက်ဘာမှုခင်း**ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ရပ်ကို ဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။
(လ) **ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း**ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို ဆိုသည်။

**စာမျက်နှာ ၇ သို့ ○**

❍ စာမျက်နှာ ၆ မှ

(ဝ) **ဒီဂျစ်တယ်ခေတ်ခွဲခန်း** ဆိုသည်မှာ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အချက်အလက်များကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်နိုင်သည့် နည်းပညာအထောက်အကူပြု ခေတ်ခွဲခန်းကို ဆိုသည်။

(သ) **အွန်လိုင်းလောင်းကစားစနစ် (Online Gambling System)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို လောင်းကစားကိရိယာအဖြစ် အသုံးပြု၍ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်သော်လည်းကောင်း၊ ငွေကြေးကဲ့သို့တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်း သို့မဟုတ် သတ်မှတ်ချက် တစ်စုံတစ်ရာအတွက်သော်လည်းကောင်း လောင်းကစားခြင်း ပြုလုပ်နိုင်သည့်စနစ်ကို ဆိုသည်။

(ဟ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်ရန် ဦးစီးကော်မတီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထားသည့်အဖွဲ့ကို ဆိုသည်။

**အခန်း (၃)**

**ရည်ရွယ်ချက်**

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ် သတင်းအချက်အလက်များအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊

(ခ) အီလက်ထရောနစ် နည်းပညာများအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဆိုက်ဘာမှုခင်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အခြေခံသော ဒီဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်။

**အခန်း (၄)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ် ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်း တားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(စ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက် သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း၊

(ဈ) အွန်လိုင်းငွေကြေးဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ လိုအပ်ပါက မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းကို လမ်းညွှန်မှုပေးခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၅)**

**ဦးစီးကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၈။ ဗဟိုကော်မတီသည် -

(က) ဤဥပဒေပါ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဒုတိယဥက္ကဋ္ဌများ သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆိုက်ဘာလုံခြုံရေးကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် ဦးစီးကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဦးစီးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များအား ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ပြုနိုင်သည်။

၉။ ဦးစီးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာတိုက်ခိုက်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီတုံ့ပြန်ကာကွယ်မှုစနစ်အား စီမံထားရှိနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ် လုံခြုံမှုရှိစေရန် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့်သက်ဆိုင်သော ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များတွင် နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် သင့် မသင့် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(စ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲ အသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များဖလှယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များအား အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုဖြစ်စဉ်တို့ကို သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊

(ဈ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်များအား သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းခြင်း ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်ခွင့်ပြုပေးခြင်း၊ ယင်းအဖွဲ့များ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်အရေးယူခြင်း၊

(ဌ) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဍ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့်၊ တပ်ဆင်သည့်၊ ပြည်ပမှ တင်သွင်းလာသည့် ဆိုက်ဘာအရင်းအမြစ်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ခြင်းနှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(ဎ) ဤဥပဒေပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးရန်လိုအပ်ပါက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်တင်ပြခြင်း၊

(တ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ခ) ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဂ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဃ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

စာမျက်နှာ ၈ သို့ ❍

○ စာမျက်နှာ ၇ မှ

## အခန်း (၆)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဦးစီးဌာနသည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို ကျခံရမည်။

၁၃။ ဦးစီးဌာနသည်–

(က) နိုင်ငံတကာနှင့် ဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ ဆိုက်ဘာလုံခြုံရေး နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်ဆေးခြင်း သို့မဟုတ် ပြိုင်ပွဲများကျင်းပခြင်းပြုလုပ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်သည်။

(ဂ) နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလိုင်စင် စည်းကမ်းချက်များနှင့် ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်စည်းကမ်းချက်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(င) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

(စ) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၇)
## အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကာကွယ်ခြင်း

၁၄။ အောက်ပါအခြေခံအဆောက်အအုံများသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ ဖြစ်သည် –

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ခ) အီလက်ထရောနစ်အစိုးရ (e-Government) ဝန်ဆောင်မှုစနစ် အခြေခံအဆောက်အအုံ၊

(ဂ) ဘဏ္ဍာရေးဆိုင်ရာအီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဃ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(င) ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(စ) ကျန်းမာရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဆ) လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဇ) ဗဟိုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာသတ်မှတ်သည့် အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ။

၁၅။ ဗဟိုကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ညွှန်ကြားရမည်။

၁၆။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည် –

(က) ဆိုက်ဘာလုံခြုံရေး စီမံချက်များအား သတ်မှတ်ချက်နှင့်အညီ ရေးဆွဲခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဂ) သင့်လျော်သော ပုဂ္ဂိုလ်အား အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေး အစီရင်ခံစာကို ဦးစီးကော်မတီသို့ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်သွင်းခြင်း။

၁၇။ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းထားရှိရမည်။

(ခ) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ ဆိုက်ဘာလုံခြုံရေး အစီရင်ခံစာကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်သွင်းရမည်။

၁၈။ ဝန်ကြီးဌာနသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူက ဆောင်ရွက်ထားသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုအပေါ် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိကို ကြီးကြပ်စစ်ဆေးရမည်။

## အခန်း (၈)
## လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း

၁၉။ ဦးစီးဌာနသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သက်တမ်းနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်သက်တမ်းတို့ကို အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ သတ်မှတ်နိုင်သည်။

၂၀။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၁။ ဦးစီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားသူကို လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လိုင်စင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၃။ ဦးစီးဌာနသည် –

(က) လိုင်စင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသော လိုင်စင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည့်အပြင် မှတ်ပုံတင်ခွင့်ပြုရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၅။ ဦးစီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၆။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက် လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၇။ ဦးစီးဌာနသည် –

(က) မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသော မှတ်ပုံတင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၈။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးကော်မတီ၏ ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၉)
## ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏တာဝန်များ

၂၉။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သော ခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များအား အထောက်အကူပြုနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု အလားအလာကို သတိပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အကြံပေးခြင်း၊

(ဃ) မောလ်ဝဲရ်(Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းကို အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်နှင့် ဖြေရှင်းနည်းများ ရေးဆွဲထားရှိခြင်း၊

(င) မောလ်ဝဲရ် (Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်း ဖြစ်ပေါ်သည့်အခါ သင့်လျော်သော အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် အကျိုးသက်ဆိုင်သူအား အသိပေးခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော နိုင်ငံတကာစံနှုန်းများကို ကျင့်သုံးခြင်း၊

(ဆ) ဝန်ဆောင်မှုကို ရယူအသုံးပြုသူများ၏ သတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ည) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီ ပြုစုပြီး ဦးစီးဌာနသို့ တင်ပြခြင်း။

၃၀။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် –

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သော ခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အချက်အလက်အဆင့်အတန်းအပေါ် မူတည်၍ အချက်အလက်များ သိမ်းဆည်းထားသောပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

# ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ၌ ချယ်ရီပန်းပွဲတော်(၂၀၂၅) ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၁**

ချယ်ရီပန်းပွဲတော်(၂၀၂၅)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော်(၂၀၂၅)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ချယ်ရီပန်းပွဲတော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသေးစား၊ အငယ်စား၊ အလတ်စား MSME ထုတ်ကုန်ပြပွဲ ကိုယ်စား အာခါတိုင်းရင်းသားကိုယ်စားလှယ် ဦးမင်းညိုက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ချယ်ရီပန်းပွဲတော်တွင် ကပြဖျော်ဖြေပေးကြသော တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြပြီး ချယ်ရီပန်းပွဲတော်တွင် ပြသရောင်းချကြသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




**❂ ကျောဖုံးမှ**

ထို့ပြင် Sky Cable Car နှင့် ဒိုင်နိုဆောဥယျာဉ် (DINOSAUR KINGDOM) ကိုပါ ထပ်မံထည့်သွင်း တည်ဆောက်ဖွင့်လှစ်ထားရှိသည်။ အပန်းဖြေစခန်းအတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုအပန်းဖြေနိုင်ရေး၊ လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကြောင်း သိရသည်။

**စီစဉ်ပြုလုပ်ထား**

ယခုနှစ်တွင် လာရောက်အပန်းဖြေသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေနိုင်ရေးနှင့် ပြင်ဦးလွင်၏ သဘာဝအလှအပရှုခင်းများကို ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်း ကြည့်ရှုခံစားအပန်းဖြေနိုင်ရေးအတွက် သဘာဝရေတံခွန်များအပြင် ပန်းအလှဆင်ပညာရှင်များက ဒေသပန်းမျိုးရင်းများ၊ ပန်းမျိုးစိတ်များဖြင့် တီထွင်ဖန်တီးထားသည့် ပန်းအလှဆင်ပြကွက်များဖြစ်သော BE.FALLS logo နှင့် 3D ရုပ်လုံးကြွကနုတ်ပြကွက်များ၊ မိသားစုနှင်းဆီပြကွက်၊ ဝက်ပါပန်းခင်းပြကွက်၊ UFO ပြကွက်၊ အသည်းနှစ်ထပ်ပန်းခင်း ပြကွက်၊ ပန်းစကြာပုံစံပြကွက်၊ ရေလှိုင်းပုံစံပန်းလျှောက်လမ်းပြကွက်အပြင် ပန်းများဖြင့် အလှဆင်ထားသော စက်ဘီး၊ ပန်းလှည်းများ၊ အသည်းပုံ Photo Booth ပန်းခုံများ၊ လိပ်ပြာပုံများ စသည်တို့ဖြင့် အလှဆင်ထားသည့် BE.FALLS ၏ ပန်းပွဲတော်ကိုလည်း စီစဉ်ပြုလုပ်ထားရှိကြောင်း သိရသည်။

**စည်ကားများပြားလျက်ရှိ**

ယခုအခါ နှစ်သစ်ကူးရုံးပိတ်ရက်ကာလဖြစ်သည့် အားလျော်စွာ ပြင်ဦးလွင် ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်အပန်းဖြေအနားယူလျက်ရှိသည်။ ပန်းပွဲတော်ကာလအတွင်း ရုံးပိတ်ရက်များတွင် နေ့စဉ်လူဦးရေ တစ်သောင်းကျော်ခန့် လာရောက်လည်ပတ်လျက်ရှိပြီး အပန်းဖြေစခန်းအတွင်းရှိ သဘာဝရေတံခွန်အလှအပများ၊ BE.FALLS ပန်းပွဲတော်ဧရိယာအတွင်း စိုက်ပျိုးထားရှိသောပန်းအလှများနှင့် အမှတ်တရ အလှဓာတ်ပုံရိုက်ကူးခြင်း၊ အပန်းဖြေခြင်းများ၊ Sky Cable Car စီးနင်းခြင်း၊ LED မှန်တံတား ဖြတ်သန်းခြင်း၊ တောတွင်းလျှောက်လမ်းနှင့် Floating Jigsaw ဖြတ်သန်းခြင်း၊ ဒိုင်နိုဆောဥယျာဉ်အတွင်း ကြည့်ရှုခြင်း၊ ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုအား ကြည့်ရှုခြင်းများအပြင် BE.FALLS Music Band နှင့် Unplugged တေးသီချင်း သီဆိုခြင်းများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းများကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)**



ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုအား လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



BE.FALLS ပန်းပွဲတော်ဧရိယာအတွင်း လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။



LED မှန်တံတား ဖြတ်သန်းကြသူများကို တွေ့ရစဉ်။



အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တို့ပြည် တို့မြေ အစွန့်ရှည် ဖွံ့ဖြိုးတိုးတက်စေ

နေမင်းသျှင်

**ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်ကြီးကို ခိုင်ခိုင်မတ်မတ် စိုက်ထူထားရှိခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ်တာ ကြာညောင်းခဲ့ပြီဖြစ်သည်။ အဆင့်နှစ်ဆင့်ဖြင့် ပြေပြစ်စွာမြင့်တက်သွားသော စက်ဝိုင်းပုံရင်ပြင်ငယ်၏ အလယ်ဗဟိုရှိ လွတ်လပ်ရေးကျောက်တိုင်ကြီး၏အောက်ခြေတွင် လွတ်လပ်ရေးကြေညာစာတမ်းကို ကျောက်ထက်အက္ခရာ ကမ္ပည်းတင်ထားသည်ကို တွေ့ရှိနိုင်ပြီး မော့ကြည့်လိုက်မည်ဆိုပါက ကောင်းကင်ပြာပြာကြီးသို့ ထိုးထွက်နေသည့် အဖြူရောင်ကျောက်တိုင်ကြီးကို ခံ့ညားစွာတွေ့မြင်ကြရမည်ဖြစ်သည်။**

၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အင်အားကြီးမားသည့် နယ်ချဲ့တို့၏ ကျူးကျော်စစ်ကို ခုခံတိုက်ခိုက်ရင်း သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့သည့် စစ်သူကြီးမဟာဗန္ဓုလအား ဂုဏ်ပြုထားသည့် ပန်းခြံကြီးနှင့် လွတ်လပ်ရေးကျောက်တိုင်ကြီးတို့၏ ဝန်းကျင်တွင်တည်ရှိနေသော ဆူးလေစေတီတော်၊ မြို့တော်ခန်းမနှင့် ကိုလိုနီခေတ် မြို့ပြအမွေအနှစ် အဆောက်အအုံများက မြန်မာ့သမိုင်းကို တစ်ပိုင်းတစ်စ ပြောပြနေကြသည်။ အထူးသဖြင့် ၁၉ ရာစု ကမ္ဘာ့အင်အားကြီးနိုင်ငံ၏ နယ်ချဲ့ဝါဒနှင့် တရားမဲ့ပြုကျင့်ခဲ့သော စစ်ပွဲများ၊ ကျူးကျော်လာသူတို့ကို အစွမ်းကုန်တုံ့ပြန် တိုက်ခိုက်ခဲ့ကြပြီး စွန့်လွှတ်ခဲ့ကြရသည့် အသက်နှင့်သွေးများ၊ အတိတ်၏ပုံရိပ်များ၊ သမိုင်း၏စာမျက်နှာများက အဆောက်အအုံ နံရံများထံမှာ တရိပ်ရိပ်ရွေ့လျားနေကြသည်။ တစ်ပါးသူ ခြေဖနောင့်အောက်ကျရောက်ခဲ့ရသည့် သမိုင်းသည် ရက်စရာ၊ နာကြည်းစရာဟုဆိုရမည်ထက် သင်ခန်းစာယူစရာ၊ ထိုအမှားမျိုး နောင်မမှားအောင် ရှောင်ကြဉ်ကြဖွယ်ရာသာ ဖြစ်သည်။

## နယ်ချဲ့စနစ်ဟူသည်

ဗြိတိသျှတို့က စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ မြန်မာနိုင်ငံကို တစ်တိတစ်တိ သိမ်းယူသွားခဲ့သည်။ ၁၉ ရာစုကာလသည် ကမ္ဘာပေါ်တွင် နယ်ချဲ့ဝါဒ၊ နယ်ချဲ့စနစ် အထွတ်အထိပ်သို့ ရောက်ချိန်ဖြစ်သည်။ နယ်ချဲ့စနစ်ဟူသည် အင်အားကြီးသည့်နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံ သို့မဟုတ် ဒေသ စသည်တို့မှ လူများအပါအဝင် သယံဇာတအရင်းအမြစ်များကို သိမ်းပိုက်အသုံးချခြင်းဖြစ်ပြီး ကိုလိုနီဘဝ ကျရောက်သွားသည့် နိုင်ငံနှင့် လူများကို အချိန်ကာလကြာမြင့်စွာ အာဏာ၊ အင်အားတို့ဖြင့် ဖိနှိပ်ထိန်းချုပ်ထားခြင်းဖြစ်သည်။ နယ်ချဲ့သမားတို့က နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားပြီး သိမ်းပိုက်ထားသည့် နိုင်ငံများ၊ ဒေသများမှ လူ့အဖွဲ့အစည်းများ၊ လူမျိုးများကို ၎င်းတို့အောက် နိမ့်ကျစေရန်လည်း ဖိနှိပ်ထားသည်။ နယ်ချဲ့စနစ်သည် ၁၅ ရာစုနှောင်းပိုင်းမှစတင်ကာ ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့အင်ပါယာများ ပြိုကွဲသည့်အချိန်အထိ ကြာမြင့်ခဲ့ပြီး ရာစုနှစ်များနှင့်ချီသည့် အဆိုပါကာလများအတွင်း အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံများစွာတို့ကို ဥရောပနိုင်ငံ လက်တစ်ဆုပ်စာခန့်က ကိုလိုနီပြုခဲ့သည့်အနက် ကမ္ဘာမြေပြင်၏ လေးပုံတစ်ပုံကို လွှမ်းခြုံထားခဲ့သည့် ဗြိတိသျှအင်ပါယာသည် နေမဝင်အင်ပါယာအဖြစ် အကြီးမားဆုံး ဖြစ်ခဲ့သည်။

နယ်ချဲ့စနစ်သည် ၁၉ ရာစုနှင့် ၂၀ ရာစု ကမ္ဘာ့ဖြစ်စဉ်များအပေါ် အကြီးအကျယ် လွှမ်းမိုးခဲ့ပြီး လက်အောက်ခံနိုင်ငံများ၏ ကံကြမ္မာများကိုလည်း ပြောင်းလဲသွားစေခဲ့သည်။ မြန်မာနိုင်ငံတွင် နယ်ချဲ့တို့က ဘုရင်စနစ်ကို အပြီးတိုင် ဖြိုချဖျက်သိမ်းပစ်ခဲ့ပြီး အရင်းရှင်ဗျူရိုကရေစီယန္တရားဖြင့် အုပ်ချုပ်ခဲ့ခြင်း၊ ပြည်မနှင့် တောင်တန်းဒေသများကိုတသီးတခြားစီ ခွဲခြားအုပ်ချုပ်ခဲ့ပြီး သွေးကွဲစေရန်ဖန်တီးမှုများပြုလုပ်ခဲ့ခြင်း၊ မြန်မာနိုင်ငံမှ ဆန်စပါး၊ ကျွန်းသစ်နှင့် ရေနံတို့ကို စီးပွားဖြစ်ထုတ်ယူခဲ့သော်လည်း စက်မှုလုပ်ငန်းထူထောင်မှုများ မပြုလုပ်ခဲ့ခြင်း၊ ဒုတိယကမ္ဘာစစ်ကာလ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာရာတွင် စီးပွားရေးအခြေခံအဆောက်အအုံများ၊ အရင်းအမြစ်များအားလုံးကို မြေလှန်စနစ်ဖြင့် ဖျက်ဆီးသွားခဲ့ခြင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်မြေပြင်ဖြစ်ခဲ့ခြင်းတို့က မျက်မှောက်ကာလ မြန်မာနိုင်ငံ၏သမိုင်းကို ကြမ်းတမ်းစွာ ပုံဖော်ပေးခဲ့သည့် အဓိကအခြေခံအကြောင်းတရားကြီးများပင် ဖြစ်သည်။

## မုန်တိုင်းထန်နေချိန်

လွတ်လပ်ရေးရပြီးနောက် ဆယ်စုနှစ်တစ်ခု ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ၊ ထို့နောက် နောက်ထပ်ငါးနှစ်ကာလ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်။ ထိုကာလများသည် မြန်မာနိုင်ငံတွင် အကွဲအပြဲဇာတ်လမ်းများ၊ ဆူပူသောင်းကျန်းမှုများနှင့် မုန်တိုင်းထန်နေချိန်ဖြစ်သည်။ လွတ်လပ်ရေးရယူနိုင်ရန်အတွက် တောင်တန်း၊ ပြည်မ စည်းလုံးညီညွတ်ရေး ရရှိနိုင်ရန် လုံ့လစိုက်ထုတ် ကြိုးပမ်းခဲ့သူ၊ ခေတ်သစ်မြန်မာ့တပ်မတော်ကြီးကို တည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့မည့် လအနည်းငယ်မျှအလိုတွင် ကျဆုံးသွားခဲ့ရခြင်းကလည်း လွတ်လပ်ပြီးနောက် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် သက်ရောက်မှုများစွာ ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အင်ပါယာအရှင်သခင်အဖြစ်မှ လျှောကျသွားခဲ့ရသည့် ဗြိတိသျှတို့ ယူနီဂျက်အလံကို ရုပ်သိမ်း၍ မြန်မာနိုင်ငံမှ

> **ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းအရာမှာ စီးပွားရေးမဟုတ်ဘဲ နိုင်ငံရေးဖြစ်သည်ဟု ပညာရှင်များကဆိုသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု ရှိ၊ မရှိဟူသော အကြောင်းခြင်းရာပေါ်တွင် အခြေခံလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော နိုင်ငံရေးအခြေအနေများ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းကိုဆိုသည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်လိုပါက ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည့် နိုင်ငံရေးကိုရရှိအောင် လုပ်ဆောင်ရမည်ဟုလည်း စီးပွားရေးပညာရှင်တို့က ဆိုထား**



စစ်သူကြီး မဟာဗန္ဓုလအား ဂုဏ်ပြုထားသည့် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီးကို ခံ့ညားစွာတွေ့မြင်ရစဉ်။

ထွက်ခွာသွားချိန်တွင် စစ်ကြောင့် ထောင်းထောင်းကြေနေသည့် ဤနိုင်ငံရှိ လူမျိုးစုများအကြား နောင်အခါ ငြိမ်းရခက်မည့် သံသယမီးပွားမီးစလေးများထားရှိခဲ့ရာ ဤဆယ်စုနှစ်များအတွင်းမှာပင် မီးတောက်မီးလျှံများ တောက်လောင်လာခဲ့ရသည်။ နိုင်ငံလွတ်လပ်ရေး လှုပ်ရှားမှုများပြီးသည့်နောက် နိုင်ငံတည်ဆောက်ရေး (Nation Building) ဟူသော ကျယ်ပြန့်ရှုပ်ထွေးခက်ခဲသည့် လုပ်ငန်းကြီးကို ဆက်လက်ဆောင်ရွက်ကြရခြင်းမှာ လွတ်လပ်ပြီးစ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်များ မဖြစ်မနေ ရင်ဆိုင်ကြရသည့်အခြေအနေဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ကမ္ဘာစစ်အတွင်း ပြာပုံဘဝကျရောက်ခဲ့ရသည့်နိုင်ငံ၊ စီးပွားရေးအခြေခံများ နတ္ထိဖြစ်နေသည့် နိုင်ငံ၊ ပယောဂဝင်နေသည့် အကွဲအပြဲများကို ခက်ခက်ခဲခဲ စုစည်းထားရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် သာမန်အားထုတ်ကြိုးပမ်းမှုမျိုးနှင့် မဖြစ်နိုင်သည်ကို အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်တစ်ဦးအနေဖြင့် ရှေးမဆွကပင် ကြိုတင်သိမြင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက သူ၏မိန့်ခွန်းတစ်ခုတွင် **"ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင်၊ တခြားလွတ်လပ်တဲ့နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်းလှမ်းလိုက်နိုင်မှ၊ အဲဒီလိုလိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလို တန်းတူညီတူဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့ မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ ( )လိုနိုင်ငံမျိုးဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်းနားလည်ထားစေချင်တယ်"**ဟူ၍ ပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးမိန့်ခွန်းဖြစ်သည့် တိုင်းပြုပြည်ပြုလွှတ်တော်မိန့်ခွန်းပါ အဆိုပါ ပြောကြားချက်က နောက်မျိုးဆက်ပြည်သူများ အထိပါ နားထဲတွင်စွဲနေအောင် စိမ့်ဝင်ပျံ့နှံ့သည်။ သို့ရာတွင် ...။

## ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းအရာ

ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းအရာမှာ စီးပွားရေးမဟုတ်ဘဲ နိုင်ငံရေးဖြစ်သည်ဟု ပညာရှင်များကဆိုသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု ရှိ၊ မရှိဟူသော အကြောင်းခြင်းရာပေါ်တွင် အခြေခံလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံရေးဖွံ့ဖြိုး တိုးတက်မှုဆိုသည်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော **စာမျက်နှာ ၁၁ သို့** ✪

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုး ရောင်းချပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် "(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်" ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၆ ရက် (စနေနေ့) နံနက် ၉ နာရီ ခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (စနေနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**










---

❂ စာမျက်နှာ ၁၀ မှ

နိုင်ငံရေးအခြေအနေများ ဖွံ့စည်းဖြစ်ပေါ်လာခြင်းကို ဆိုသည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လိုပါက ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် နိုင်ငံရေးကိုရရှိအောင် လုပ်ဆောင်ရမည်ဟုလည်း စီးပွားရေးပညာရှင်တို့က ဆိုထားသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက် ၁၅ နှစ်ကြာကာလသည် ရှေ့တွင်ဆိုခဲ့ပြီးသည့်အတိုင်း အကွဲအပြဲများ၊ ပဋိပက္ခများဖြင့်သာ ပြည့်နှက်နေခဲ့ရာ ယင်း၏ဒဏ်ကို နိုင်ငံ၏လူများစုကြီးဖြစ်သော ကျေးလက်နေပြည်သူများက အဓိကအများဆုံးခံစားခဲ့ကြရသည်။

ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုကဲ့သို့ပင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုးမှု (Political Development) အားနည်းရခြင်းသည် သမိုင်းရေးအခြေအနေအရ ဖြစ်ပေါ်ခဲ့ရသည့် အခြင်းအရာ တစ်ရပ်ပင်ဖြစ်သည်။ မြေရှင်ပဒေသရာဇ်စနစ်တွင် နှစ်ပေါင်းထောင်ချီရှိနေခဲ့သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကိုလိုနီအဖြစ်သိမ်းပိုက်ခံခဲ့ရပြီး ဗျူရိုကရေစီယန္တရားဖြင့် ဖိနှိပ်အုပ်ချုပ်မှုကို ခံခဲ့ရသည့်အခါ နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ ခါးဆက်ပြတ်ခဲ့ရသည်။ နိုင်ငံလွတ်လပ်ရေးရသည့်အချိန်တွင်မူ အဘက်ဘက်တွင် ပုံပျက်ပန်းပျက်ဖြစ်ရသည်။ ဤသည်မှာ မြေရှင်ပဒေသရာဇ်စနစ်မှ ကိုလိုနီဘဝကျရောက်ခဲ့သည့် နိုင်ငံတိုင်း ကြုံတွေ့ကြရသည့် ဖြစ်ရပ်များပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် နိုင်ငံရေးဖွံ့ဖြိုးမှု အားနည်းသည့် လေဟာနယ်ဆီသို့ ဝင်ရောက်လာသည့် အင်အားစုမှာ လွတ်လပ်ရေးကြိုးပမ်းမှုမှ ပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်ဖြစ်သည်။ နိုင်ငံကို စည်းနှောင်ထားသည့် တစ်ခုတည်းသော အင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်အနေဖြင့် မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် မလွှဲသာမရှောင်သာဆိုသလို နိုင်ငံရေးဦးဆောင်မှုနယ်ပယ်ဆီသို့ ဝင်ရောက်လာရခြင်းသည် သမိုင်းရေးလိုအပ်ချက်အရဟု ဆိုစေကာမူ စွန့်စားရသည့်ကိစ္စလည်းဖြစ်သည်။ အဘက်ဘက်တွင် အားနည်းချည့်နဲ့လျက်ရှိပြီး အခက်အခဲ၊ အကျပ်အတည်းများ၊ အနှောင့်အယှက်၊ အဟန့်အတားများ တင်းကျမ်းပြည့်နေသည့်နိုင်ငံကို ပြုပြင်ပြောင်းလဲတည်ဆောက်နိုင်ရန်မှာ အောင်ပွဲရပါက ဟီးရိုးဖြစ်နိုင်သော်လည်း အရေးနိမ့်ပါက ဗီလိန်ဖြစ်သွားနိုင်သည်။ မိမိတို့နိုင်ငံ၏ သမိုင်းတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် ကြားကာလမှာ သာဓကပင် ဖြစ်သည်။

**ဆိုရှယ်လစ်လမ်းစဉ်ကို တိမ်းညွှတ်ခဲ့ကြ**

စစ်ကြီးပြီးစ ကိုလိုနီဘဝမှ လွတ်မြောက်လာခဲ့ကြသည့် တတိယကမ္ဘာ့နိုင်ငံအများစုတို့က ဆိုရှယ်လစ်လမ်းစဉ်ကို တိမ်းညွှတ်ခဲ့ကြရာ မိမိတို့မြန်မာနိုင်ငံလည်း ပါဝင်သည်။ ကိုလိုနီခေတ် နယ်ချဲ့အရင်းရှင်စီးပွားရေးကို ဆက်ခံခဲ့သည့် ပါလီမန်ဒီမိုကရေစီခေတ် စီးပွားရေးမှာ မြန်မာတို့လက်ထဲတွင် မရှိဘဲ နိုင်ငံခြားသားများ လက်ထဲတွင်သာ ရှိနေခြင်းအပေါ် ဇာတိပုညဂုဏ်မာနဖြင့် ဆိုရှယ်လစ်လမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့ကြရာ အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံတွင် အရင်းရှင်စီးပွားရေးလုပ်ငန်းကြီးများ အခြေတည်ဖွံ့ဖြိုးမှုမရှိသေးခြင်း၊ စီမံခန့်ခွဲမှုများ မကျွမ်းကျင်ခြင်းနှင့် လွဲမှားခြင်း၊ စီးပွားရေးစီမံကိန်းများအောင်မြင်မှု မရခြင်းတို့ကြောင့် မျှော်မှန်းသည့်ပန်းတိုင်သို့ မရောက်ခဲ့။ နိုင်ငံတွင်တင်ရှိလာသည့် ကြွေးမြီများ လျှော့ပေါ့သက်သာရေးဟူသော ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (Least Developed Countries –LDC) စာရင်းသို့ ၁၉၈၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ရပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံ၏သမိုင်းကြောင်းသည်လည်း အချိုးအကွေ့တစ်ခုပေါ်သို့ ရောက်ရှိသွားခဲ့ရသည်။

ယင်းကာလသည် ကမ္ဘာပေါ်တွင် ဒုတိယကမ္ဘာစစ်အပြီးမှစတင်ကာ ဖြစ်ပွားနေသည့် စစ်အေးတိုက်ပွဲ (Cold War) ၁၉၄၇ – ၁၉၉၀ နိဂုံးကမ္ဘတ်အဆုံးသတ်ခါနီးအချိန်ဖြစ်ပြီး လက်ဝဲအတွေးအခေါ်အယူအဆများ၊ ဆိုရှယ်လစ်/ ကွန်မြူနစ်နိုင်ငံများ၏ နေဝင်ချိန်လည်းဖြစ်ခဲ့သည်။ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီစနစ်သို့ ကမ္ဘာ့နိုင်ငံအများစုတို့ ရွေ့ရှူလာခဲ့ကြရာ မြန်မာနိုင်ငံသည်လည်း ပြည်သူတို့၏ အလိုဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်ကို ရှေ့ခရီးသို့ ဆက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြရသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင် အမျိုးသားအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားကြမည်ဟူ၍လည်းကောင်း၊ ဒီမိုကရေစီအရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟူ၍ လည်းကောင်း၊ တိုင်းရင်းသားများအရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲနေထိုင်ကြမည်ဟူ၍လည်းကောင်း၊ နိုင်ငံတကာရေးရာနှင့်စပ်လျဉ်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကိုရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟူ၍လည်းကောင်း သန္နိဋ္ဌာန်လေးရပ်ကို ချမှတ်ပြဋ္ဌာန်းခဲ့ခြင်းပင်ဖြစ်သည်။

**တိုက်မြင့်ကြီးများကြားမှ အိမ်ငယ်တစ်လုံးသဖွယ်ပင်ဖြစ်**

ဤဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပြည်သူလူထုရွေးကောက်ခံ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ရပ်လည်း ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ လွတ်လပ်ပြီး ၇၇ နှစ်သက်တမ်းသို့ရောက်ရှိလာသည့် မိမိတို့နိုင်ငံ၏ အခြေအနေမှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုက်မြင့်ကြီးများကြားမှ အိမ်ငယ်တစ်လုံးသဖွယ်ပင်ဖြစ်သည်။ တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှုတန်ဖိုး၊ တစ်ဦးချင်းဝင်ငွေ၊ နိုင်ငံသားတို့၏ မျှော်မှန်းလူ့သက်တမ်း၊ မြေတစ်ဧကချင်းစီ စိုက်ပျိုးထုတ်လုပ်မှု၊ တောင်သူတစ်ဦးချင်းစီ၏ စိုက်ပျိုးထုတ်လုပ်မှု စသည်ဖြင့် အဘက်ဘက်တို့တွင် နိမ့်ကျနေသည်။ နိုင်ငံအတွက် မလိုလားအပ်သည့် အညွှန်းကိန်းများတွင်မူ မြင့်နေကြသည်ကိုလည်း တွေ့ရသည်။ လက်ရှိကာလတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲ မဲမသမာမှုကို အကြောင်းပြုလျက် ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရခြင်းလည်းဖြစ်သည်။

ခေတ်သစ်မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် ခက်ခဲကြမ်းတမ်းမှုများရှိသော်ငြားလည်း မိုးတိမ်တိုက်များတွင် လှပသည့်ငွေရောင်အနားရေးများ ရှိတတ်စမြဲကဲ့သို့ပင် မိမိတို့နိုင်ငံတွင် အလှတရားများလည်း ရှိနေသည်သာပင်။ ၇၇ နှစ်တာ ကာလအတွင်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မုန်တိုင်းထန်သည့်နေ့ရက်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ စွဲမြဲထက်သန်သည့် ပြည်တွင်းအင်အားများနှင့် စည်းလုံးညီညွတ်စွာ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ပေးနိုင်မည့် ရှန်းကန်အားကိုမရနိုင်သေးစေကာမူ တရွေ့ရွေ့တိုးတက်မှု ရရှိနေခြင်းနှင့် တိုင်းပြည်တွင် ပိုင်ဆိုင်ထားသည့် ရေ၊ မြေသယံဇာတများတွင် လုပ်အားကိုအရင်းပြုကာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းတို့ကြောင့် စားရမဲ့၊ သောက်ရမဲ့ ခေါင်းပါးသည့်အခြေအနေမျိုးသို့ မည်သည့်အခါမျှ မရောက်ရှိနိုင်ခြင်းပင်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဓိကအကျဆုံးလိုအပ်ချက်မှာ စည်းလုံးညီညွတ်ရေးဖြစ်ပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုရရှိပြီဆိုပါက ငြိမ်းချမ်းရေးက တစ်ပါတည်း ဖြစ်ထွန်းလာမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် နိုင်ငံကိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်ရာ နိုင်ငံတစ်ဝန်းငြိမ်းချမ်းခြင်း၏ရလဒ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း၊ သာယာဝပြောခြင်းတို့ပင်ဖြစ်သည်။ ခေတ်သစ်မြန်မာနိုင်ငံတော်၏ အခိုင်အမာအင်စတီကျူးရှင်း ဖြစ်သည့် တပ်မတော်နှင့် နိုင်ငံ၏အဓိက အင်အားဖြစ်သော နိုင်ငံသားပြည်သူများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့် စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့ကို ဖော်ဆောင်နိုင်ကြပါရန် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတိုက်တွန်းအပ်ပါကြောင်း။ ။

> **❝နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဓိကအကျဆုံးလိုအပ်ချက်မှာ စည်းလုံးညီညွတ်ရေးဖြစ်ပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုရရှိပြီဆိုပါက ငြိမ်းချမ်းရေးက တစ်ပါတည်းဖြစ်ထွန်းလာမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်ရာ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းခြင်း၏ရလဒ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း၊ သာယာဝပြောခြင်းတို့ပင်ဖြစ်သည်။ ခေတ်သစ်မြန်မာနိုင်ငံတော်၏ အခိုင်အမာအင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်နှင့် နိုင်ငံ၏အဓိကအင်အားဖြစ်သော နိုင်ငံသားပြည်သူများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့် စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့ကိုဖော်ဆောင်❞**

# ပါကစ္စတန်နိုင်ငံ၏ အမျိုးသားစီးပွားရေး အသွင်ကူးပြောင်းရေးအစီအစဉ် စတင်ဆောင်ရွက်

**အစ္စလာမာဘတ် ဇန်နဝါရီ ၁**

ပါကစ္စတန်နိုင်ငံ၏ အမျိုးသားစီးပွားရေး အသွင်ကူးပြောင်းရေးအစီအစဉ်ကို ယမန်နေ့တွင် စတင်ခဲ့ပြီး ၎င်းအစီအစဉ်အရ ပြည်တွင်း အသားတင်ထုတ်ကုန်ကို ၆ ရာခိုင်နှုန်းအထိ မြှင့်တင်ရန်နှင့် နှစ်စဉ်ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၆၀ ဘီလီယံအထိ တိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က ပြောကြားသည်။

ပါကစ္စတန် မြှင့်တင်ရေးဟု အမည်ပေးထားသည့် ၎င်းအစီအစဉ်အရ ပို့ကုန်နှင့် စီးပွားရေးဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်၊ စားနပ်ရိက္ခာနှင့် ရေဖူလုံရေး၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံ ကဏ္ဍများမှတစ်ဆင့် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။

နိုင်ငံ၏စီးပွားရေး စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် ယခုအစီအစဉ်အောက်တွင် နိုင်ငံသားများ စုပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က အလေးပေးပြောကြားခဲ့သည်။

အစိုးရသည် စက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး၊ သတင်းအချက်အလက် နည်းပညာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများကိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်ဖြစ်ကာ ပါကစ္စတန်နိုင်ငံမှ ထုတ်ကုန်များအတွက် ဈေးကွက်သစ် ရှာဖွေရေးတို့ကို အာရုံစိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် သွင်းကုန်ကုန်ကျစရိတ်လျှော့ချရေး၊ ရင်းနှီးမြှုပ်နှံမှုကို အားပေးဆောင်ရွက်ရေးနှင့် သွင်းကုန်ကန့်သတ်ချက်များကို ဖယ်ရှားရန်အရေးကြီးကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံအရ ပါကစ္စတန်နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဆောင်ရွက်နေသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**





# အင်ဒိုနီးရှားနိုင်ငံတွင် ဆန်ထောက်ပံ့ရေးအစီအစဉ် ဆောင်ရွက်မည်

**ဂျကာတာ ဇန်နဝါရီ ၁**

အင်ဒိုနီးရှားအစိုးရသည် ဝင်ငွေနည်းပြည်သူများကို ထောက်ပံ့ရန်နှင့် စီးပွားရေးတည်ငြိမ်စေရန် ရည်ရွယ်၍ ဆန်ထောက်ပံ့ရေး အစီအစဉ်ကို ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်မည်ဟု ကြေညာခဲ့ကြောင်း အမျိုးသားစားရေရိက္ခာအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သမ္မတပရာဘိုဝိုဆူဘီရန်တိုက အတည်ပြုထားသော ၎င်းအစီအစဉ်အရ နိုင်ငံသား ၁၆ သန်းထံသို့ ဆန်တန်ချိန် ၉၆၀၀၀၀ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း အေဂျင်စီ၏ တာဝန်ရှိသူ အေရတ်ပရာဆတ်တူအဒီက ပြောကြားခဲ့သည်။

၎င်းဆန်ထောက်ပံ့ရေးအစီအစဉ်ကို ဇန်နဝါရီတွင် စတင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝအခြေအနေမှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်ကို အသုံးပြု၍ ဆင်းရဲသားများနှင့် ဝင်ငွေနည်းအိမ်ထောင်ဦးစီးအမျိုးသမီးများအား ဆန်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းအစီအစဉ်ကို ယခင်ကလည်းဆောင်ရွက်ခဲ့ရာ ထိရောက်သည်ကိုတွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံက ဉာဏ်ရည်တုနည်းပညာ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ နည်းပညာကော်မတီတစ်ရပ်ကို တည်ထောင်ခဲ့

**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံသည် ဉာဏ်ရည်တုနည်းပညာ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ နည်းပညာကော်မတီတစ်ရပ်ကို တည်ထောင်ခဲ့ပြီး ယခုဆောင်ရွက်ချက်သည် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်းအသစ်များကို မြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းမှုများထဲမှ တစ်ခုဖြစ်ကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

၎င်းကော်မတီသည် ဉာဏ်ရည်တု နည်းပညာနှင့် ပတ်သက်သည့် ကဏ္ဍများအတွက် စက်မှုလုပ်ငန်းစံနှုန်းများရေးဆွဲခြင်းနှင့် ၎င်းစံနှုန်းများ ပြန်လည်သုံးသပ်ရေးတွင် တာဝန်ရှိသည်ဟု ၎င်းဝန်ကြီးဌာနက အွန်လိုင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းကော်မတီအား ဉာဏ်ရည်တု နည်းပညာကဏ္ဍ၏ စံချိန်စံညွှန်းသတ်မှတ်ရေးတွင် ရှေ့တိုးဆောင်ရွက်သည့် အနေဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းသည် ဒီဇင်ဘာလအစောပိုင်းတွင် ပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံ၏ ဗဟိုစီးပွားရေး လုပ်ငန်းညီလာခံတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းသည် ၂၀၂၃ ခုနှစ်တွင် ၅၇၈ ဒသမ ၇ ဘီလီယံယွမ်အထိ အမြတ်ငွေရရှိကာ သိသိသာသာ အောင်မြင်ခဲ့သည်။ တရုတ်နိုင်ငံသည် ဉာဏ်ရည်တုနည်းပညာနယ်ပယ်တွင် ဦးဆောင်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**




# သီရိလင်္ကာနိုင်ငံရှိ ဝန်ကြီးဌာနများတွင် အကျင့်ပျက်ခြစားမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းမည်

**ကိုလံဘို ဇန်နဝါရီ ၁**

သီရိလင်္ကာနိုင်ငံရှိ ဝန်ကြီးဌာနများတွင် အကျင့်ပျက်ခြစားမှု ရှိ မရှိ စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းရေးအတွက် သမ္မတအနူရာ ကုမာရာဒစ်ဆန်မေရာကီက အဆိုပြုလာခြင်းကို ဝန်ကြီးအဖွဲ့က ဒီဇင်ဘာ ၃၀ ရက်တွင် အတည်ပြုခဲ့ကြောင်း ကက်ဘိနက်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူနှင့် ကျန်းမာရေးနှင့် လူထုမီဒီယာဆိုင်ရာဝန်ကြီး နာလင်ဒါဂျာယာတီဆာက ပြောကြားသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် အကျင့်ပျက်ခြစားမှုများရှိကြောင်း တိုင်ကြားမှုများရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။ ဝန်ကြီးဌာနများရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် ကျွမ်းကျင်သူဝန်ထမ်းများကို တိုင်ကြားမှုဖြေရှင်းရေးအတွက် တာဝန်ပေးအပ်မည်ဟု သိရသည်။

တိုင်ကြားမှုများကို စစ်ဆေးရာတွင် ဘက်လိုက်မှုကင်းစွာဖြင့် နည်းလမ်းတကျဆောင်ရွက်ရမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# အမေရိကန်တပ်ဖွဲ့၏ မောင်းသူမဲ့ဒရုန်းတစ်စင်းကို မိမိတို့ပစ်ချခဲ့ကြောင်း ဟူသီစစ်သွေးကြွအုပ်စု ပြောကြား

**ဆာနာ ဇန်နဝါရီ ၁**

ယီမင်နိုင်ငံအလယ်ပိုင်း Marib ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့၏ MQ-9 ဒရုန်းတစ်စင်းကို မိမိတို့ပစ်ချခဲ့ကြောင်း ယီမင်ရှိ ဟူသီစစ်သွေးကြွအုပ်စုက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

**ပြန်လည်တုံ့ပြန်တိုက်ခိုက်လေ့ရှိ**

၎င်းအား မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ဖြင့် ပစ်ချခဲ့ကြောင်း ဟူသီအဖွဲ့က ပြောကြားသည်။

ယီမင်နိုင်ငံမြို့တော် ဆာနာနှင့် ကမ်းရိုးတန်းဒေသများရှိ ဟူသီ ပစ်မှတ်များကို ဒီဇင်ဘာ ၃၀ ရက်နေ့မှစတင်ကာ တိကျစွာ တိုက်ခိုက်မှု အများအပြားပြုလုပ်ခဲ့ကြောင်း အမေရိကန် ဗဟိုဌာနချုပ်မှ ပြောကြားပြီးနောက် ယခုကဲ့သို့ ပစ်ချမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့များက ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွများအား မကြာခဏ တိုက်ခိုက်လေ့ရှိရာ ဟူသီ စစ်သွေးကြွများကလည်း အမေရိကန်တပ်ဖွဲ့အား ပြင်းထန်စွာ ပြန်လည်တုံ့ပြန်တိုက်ခိုက်လေ့ရှိသည်။

အရှေ့အလယ်ပိုင်း ဒေသတွင် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုကြောင့် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ ဟူသီစစ်သွေးကြွအဖွဲ့သည် ပင်လယ်နီအတွင်း သွားလာနေသည့် အမေရိကန်သင်္ဘောများအား မကြာခဏ တိုက်ခိုက်လေ့ရှိသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ ငါးနှစ်အောက်ကလေးငယ်ပေါင်း ၂ ဒသမ ၆ သန်းကျော်အား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေး



**အစ္စလာမာဘတ် ဇန်နဝါရီ ၁**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်၌ ခုနစ်ရက်ကြာ ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်ကို ဒီဇင်ဘာ ၃၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ဘာလိုချီစတန်ပြည်နယ်၌ ပိုလီယိုရောဂါဖြစ်ပွားသူ ၂၇ ဦး တွေ့ရှိခဲ့သည်။

ပြည်နယ်အရေးပေါ်ကာကွယ်ဆေးထိုးနှံမှုစင်တာ (EOC) ၏အဆိုအရ ငါးနှစ်အောက် ကလေးငယ်ပေါင်း ၂ ဒသမ ၆ သန်းကျော်အား ရောဂါကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ပြီး အဆိုပါ ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်တွင် အဖွဲ့ပေါင်း ၁၁၆၀၀ ကျော် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်ကျွေးဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ရန်အတွက် လုံခြုံရေးအစီအမံများ ချမှတ်ထားကြောင်း သိရသည်။

ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမှု အစီအစဉ် အထမြောက်အောင်မြင်မှုရရှိစေရေးအတွက် မိဘများ၊ မီဒီယာများနှင့် နိုင်ငံသားများအား ၎င်းတို့၏အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ပြည်နယ်အရေးပေါ်ကာကွယ်ဆေးထိုးနှံမှုစင်တာ အကြီးအကဲ အီနာမယ်ဟတ်က တိုက်တွန်းပြောကြားကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် ကလေးအားလုံး ကာကွယ်ဆေးတိုက်ကျွေးခြင်းကို သေချာစေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ကာကွယ်ဆေးတိုက်ကျွေးရန် စင်တာများကို သတ်မှတ်ပေးထားသည်။

ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နှင့်အတူ ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည့် နောက်ဆုံးနိုင်ငံ နှစ်နိုင်ငံအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကူးစက်ခံရသူ ၆၈ ဦးစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ၏ Chang'e-8 လဆင်းယာဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင်ရန် စက်ရုပ်တီထွင် ထုတ်လုပ်မည်

**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံမှ ပညာရှင်များသည် တရုတ်နိုင်ငံ၏ Chang'e–8 လဆင်းယာဉ်အတွက် လိုက်ပါတာဝန်ထမ်းဆောင်ရန် အားသွင်းနိုင်သည့် စက်ရုပ်တစ်ရုပ်ကို တီထွင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ Chang'e–8 လဆင်းယာဉ်ကို ၂၀၂၈ ခုနှစ်တွင် လကမ္ဘာသို့စေလွှတ်မည်ဖြစ်သည်။

Dalian University of Technology၊ Hong Kong University of Science and Technology နှင့် Shenzhen University တို့မှ သုတေသီများ ပူးပေါင်းအဖွဲ့သည် ၎င်းစက်ရုပ်၏ ဒီဇိုင်းကို အဆိုပြုခဲ့သည်။

ယခုထုတ်လုပ်မည့် စက်ရုပ်သည် ကြမ်းတမ်းသော လပတ်ဝန်းကျင်တွင် ရှုပ်ထွေးသော စမ်းသပ်မှုများကို လုပ်ဆောင်နိုင်စွမ်းရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

၎င်းစက်ရုပ်သည် လ၏တောင်ဝင်ရိုးစွန်းရှိ အပူချိန်ကို ခံနိုင်ရည်ရှိပြီး ဂြိုဟ်တုလမ်းကြောင်းပြစနစ်များကို အမှီမပြုဘဲ တည်နေရာပြနိုင်ခြင်း၊ လမ်းကြောင်းပြခြင်းနှင့် အလိုအလျောက် ရွေ့လျားခြင်း အပါအဝင် လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဟောင်ကောင်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ ပါမောက္ခ Yu Hongyu က ပြောကြားခဲ့သည်။

အခြားလဆင်းယာဉ်တစ်စင်းဖြစ်သည့် Chang'e–7 စူးစမ်းလေ့လာရေးယာဉ်အား လကမ္ဘာတောင်ဝင်ရိုးစွန်း အရင်းအမြစ်ရှာဖွေရေးအတွက် ၂၀၂၆ ခုနှစ်ဝန်းကျင်တွင် အာကာသထဲသို့ စေလွှတ်နိုင်မည်ဟု သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသ၌ အအေးမိမှုကြောင့် မွေးကင်းစကလေးငယ်လေးဦးအပါအဝင် ခုနစ်ဦးထက်မနည်း သေဆုံး

**ဂါဇာစီးတီး ဇန်နဝါရီ ၁**

ဂါဇာကမ်းမြောင်ဒေသ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း အအေးမိမှုကြောင့် မွေးကင်းစကလေးငယ်လေးဦး အပါအဝင် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကလေးငယ်များသေဆုံးမှုအတွက် မီဒီယာအများအပြားက အအေးလွန်ကဲမှုဖြစ်စဉ်ကို ဝေဖန်ပြောဆိုကြသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီရန် အလားအလာ အနည်းငယ်ရှိနေစဉ် အာဏာပိုင်များက ဒီဇင်ဘာ ၃၀ ရက်တွင် အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပြည်သူအများအပြားသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ပြီးနောက် ယာယီတဲများတွင် နေထိုင်လျက်ရှိကြသည်။

ဂါဇာကမ်းမြောင်ဒေသ၌ လက်ရှိအချိန်အထိ သေဆုံးသူအရေအတွက်မှာ ၄၅၅၄၁ ဦးအထိရှိကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အစ္စရေးတပ်မတော်သည် ဟားမတ်စ်တိုက်ခိုက်ရေးသမားများကို စစ်ဆင်ရေးဆောင်ရွက်ရာတွင် ဒေသအတွင်းရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကိုပါ တိုက်ခိုက်လျက်ရှိသည်။

**ပြောကြား**

အစ္စရေးတပ်ဖွဲ့ဝင်များအား ဆေးဘက်ဆိုင်ရာအဆောက်အအုံများကို တိုက်ခိုက်ခြင်းမှရှောင်ကြဉ်ရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ဒီဇင်ဘာ ၃၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဂါဇာမြောက်ပိုင်းရှိ ဆေးရုံများနှင့် အနီးတစ်ဝိုက်တွင် တိုက်ခိုက်မှုများ ပြင်းထန်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဖျက်ဆီးရာရောက်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်နိုင်ငံ၌ ရေအားလျှပ်စစ်စီမံကိန်း ဖွင့်လှစ်

**ကဘူး ဇန်နဝါရီ ၁**

အာဖဂန်နစ္စတန်နိုင်ငံ၌ စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်ပြီး မြို့တော် ကဘူးတွင် ရေအားလျှပ်စစ်စီမံကိန်းကို အာဖဂန်အာဏာပိုင်များက ဖွင့်လှစ်ကြောင်း စွမ်းအင်နှင့် ရေဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းသည် တောင်သူလယ်သမားများအတွက် ယုံကြည်စိတ်ချရသော စွမ်းအင်အရင်းအမြစ်ကို ပံ့ပိုးပေးမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် တောင်သူတစ်ဦးချင်း၏ စီးပွားရေးကို ပိုမိုအောင်မြင်ဖြစ်ထွန်းစေမည့် မရှိမဖြစ်လိုအပ်သော စွမ်းအင်ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ယာယီဒုတိယဝန်ကြီး မူလာအဗ်ဒူဘာရာဒါက ရေအားလျှပ်စစ်စီမံကိန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ကဘူးမြို့မြောက်ဘက် ၁၅ ကီလိုမီတာအကွာရှိ ရှာကာဒါရာခရိုင်တွင် တည်ရှိပြီး အမေရိကန်ဒေါ်လာ ၅၃ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းသည် စိုက်ပျိုးမြေ ဟက်တာ ၃၅၀၀ ကို ဆည်ရေသွင်းနိုင်ပြီး အနီးနားကျေးရွာများသို့ စွမ်းအင် ၁ ဒသမ ၂ မဂ္ဂါဝပ် ထုတ်ပေးနိုင်ကြောင်း သိရသည်။ အမြင့် ၇၇ မီတာရှိပြီး တစ်နှစ်လျှင် ရေသိုလှောင်နိုင်မှု ကုဗမီတာ သန်း ၃၀ ရှိသည်။

အာဖဂန်အိမ်စောင့်အစိုးရသည် နိုင်ငံပြန်လည်တည်ဆောက်ရန် ကြိုးပမ်းရာတွင် ဆည်များ၊ ရေမြောင်းများ၊ အဝေးပြေးလမ်းများ၊ လမ်းများနှင့် ဆိုလာဓာတ်အားပေးစနစ်များအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ရွှေစင်အကယ်ဒမီရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းမျိုးစုံ ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်)အား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား နှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



(ဝဲမှယာ) တရားခံ ဖြိုးသက်အောင် (ခ)ဖြိုးလေး၊ ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



(ဝဲမှယာ) ဖမ်းဆီးရန်ကျန်တရားခံ ဝင်းမြတ်သူ၊ အောင်မျိုးသူ။

နေပြည်တော် ဇန်နဝါရီ ၁

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ "ရွှေစင်အကယ်ဒမီရွှေဆိုင်"၌ ရွှေဆိုင်ပိုင်ရှင် ဒေါ်ဝင်းဝင်းအေး ၅၂ နှစ်သည် ဆိုင်ပိတ်ပြီး ဆိုင်အတွင်း အရောင်းဝန်ထမ်းများနှင့်အတူ ရှိနေစဉ် နံပါတ်မပါ Click အနက်ရောင်ဆိုင်ကယ် တစ်စီးဖြင့် Mask များ တပ်ဆင်ထားသည့် အမျိုးသား သုံးဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး တစ်ဦးမှာ ဆိုင်ပေါက်ဝတွင် စောင့်နေကာ ပစ္စတို သေနတ်ကိုယ်စီ ကိုင်ဆောင်ထားသည့် အမျိုးသား နှစ်ဦးမှာ ဆိုင်အတွင်းသို့ ဝင်ရောက်၍ သေနတ်ပြခြိမ်းခြောက်ပြီး ကောင်တာဘေး စားပွဲပေါ်တွင် တင်ထားသော ရွှေထည် အတုံး/ ဆွဲကြိုး/ လက်ကောက် ထည့်ထားသည့် ပလတ်စတစ်ပုံး သုံးပုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ရွှေအလေးချိန် ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်) အား လုယက်ယူဆောင် ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး မဟာအောင်မြေမြို့မရဲစခန်း(ပ) ၃၃၀/ ၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

## သိမ်းဆည်းရမိ

လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြစ်မှု ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ "ရွှေစင်အကယ်ဒမီ"ရွှေဆိုင်အား လုယက်မှု ကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ဆိုင်ကယ် နှစ်စီးအနက် 36W/ 96027 Honda CBR 150 အမျိုးအစားဆိုင်ကယ်အား ချမ်းအေးသာစံမြို့နယ် "အလင်းရောင်" ဆိုင်ကယ် ပြုပြင်ရေးဆိုင်၌ အမျိုးသားတစ်ဦး (စိစစ်ဆဲ)မှ ပြန်လည် ရောင်းချပေးရန် လာရောက်အပ်နှံ ထားကြောင်း သိရှိရ၍ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ ပုသိမ်ကြီးမြို့နယ် ငွေ့ကြီးကုန်းကျေးရွာနေ ဖြိုးသက်အောင်(ခ) ဖြိုးလေး(၂၅)နှစ် (ဘ) ဦးတင်အောင်အား ဒီဇင်ဘာ ၂၃ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ "K–Mandalay" လက်ဖက်ရည်ဆိုင်အနီး၌ ဖမ်းဆီးရမိခဲ့ပြီး လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ၎င်းနေအိမ်၌ သိမ်းဆည်းထားကြောင်း ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏ နေအိမ်ရှိ Air Cooler အတွင်းမှ သက်သေခံရွှေထည် ပစ္စည်းမျိုးစုံ ၆၂ ကျပ်သား၊ လေးပဲ၊ နှစ်ရွေးအား သိမ်းဆည်းရမိခဲ့သည်။

## ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေး၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာ၌ ပါဝင်သူ တရားခံ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ ဇင်မျိုးထိုက် (ခ)ဇင်မျိုး(၂၉)နှစ် (ဘ)ဦးဖဲမောင်အား ဒီဇင်ဘာ ၂၄ ရက် နံနက် ၂ နာရီခွဲတွင် ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် SGG–47W/12410 Honda Click ဆိုင်ကယ် တစ်စီး၊ နေအိမ်အပေါ်ထပ်ရှိ Air Con အပေါ်မှ လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ ၂၄ ကျပ်သားခန့်ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် ည ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် နေထိုင်သော ဖမ်းဆီးရန်ကျန်တရားခံ အောင်မျိုးသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ တရားခံ အောင်မျိုးသူအား တွေ့ရှိရခြင်း မရှိဘဲ ၎င်းအသုံးပြုသော KYN–47B/5913 Honda Fit ယာဉ်၏ လေထိုးစက် အံ့ဝှက်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ ၇၈ ကျပ် ၅ မူးသားအားလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

## ဖော်ထုတ်သိရှိ

ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ)ဇင်မျိုးတို့၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၀ ရက်တွင် ၎င်းတို့နှင့် ခင်မင်ရင်းနှီးသူ မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် တရားခံ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့ နှစ်ဦးမှာ မန္တလေးမြို့သို့ရောက်ရှိနေကြောင်း သိရှိရသဖြင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် အောင်မျိုးသူထံတွင် ပစ္စတိုသေနတ် နှစ်လက်ရှိကြောင်း၊ ၎င်းပစ္စတိုသေနတ်များအား အသုံးပြုကာ အောင်မျိုးသူက ခေါင်းဆောင်၍ ၎င်းတို့လေးဦးသည် မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်း ကြားရှိ "ရွှေစင်အကယ်ဒမီ" ရွှေဆိုင်အား ဝင်ရောက်လုယက်ရန် တိုင်ပင်ခဲ့ကြကြောင်း၊ နောက်ရက်များတွင် "ရွှေစင်အကယ်ဒမီ"ရွှေဆိုင်အနီး ပတ်ဝန်းကျင်သို့ သွားရောက်ကာ တစ်ဦးချင်းအလှည့်ကျ ခုနစ်ရက်ခန့် အခြေအနေ စောင့်ကြည့်ခဲ့ကြပြီး ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီအချိန်တွင် ရွှေဆိုင်လုံခြုံရေး ဝန်ထမ်း ပြန်သွားပြီးနောက် ဖြိုးသက်အောင် (ခ)ဖြိုးလေး၊ ဝင်းမြတ်သူ၊ အောင်မျိုးသူတို့မှ Click ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ဇင်မျိုးထိုက်(ခ)ဇင်မျိုးမှ CBR ဆိုင်ကယ်ဖြင့်လည်းကောင်း သွားရောက်ခဲ့ပြီး ဇင်မျိုးထိုက်(ခ) ဇင်မျိုးမှ ရွှေဆိုင်အနီး၌ CBR ဆိုင်ကယ်အား ကျယ်လောင်ဆူညံစွာ မောင်းနှင်၍ ပတ်ဝန်းကျင်အား အာရုံလွှဲထားပြီး အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့မှ ပစ္စတိုသေနတ်များ ကိုယ်စီကိုင်ဆောင်၍ ဖြိုးသက်အောင် (ခ) ဖြိုးလေးနှင့်အတူ ရွှေဆိုင်အတွင်း ဝင်ရောက်ကာ ဆိုင်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ခေါင်းဆောင်ဖြစ်သူ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့မှ တစ်ပုံ၊ ဖြိုးသက်အောင်(ခ) ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့မှ တစ်ပုံစီ အသီးသီးခွဲဝေယူခဲ့ကြောင်း၊ ရွှေထည်ပစ္စည်းများအား ခွဲဝေရာတွင် ချိန်ခွင်ဖြင့် အတိကျမခွဲဘဲ အရွယ်အစားအလိုက် ခန့်မှန်း၍ ဆွဲကြိုး၊ ခေါက်သီး၊ လက်ကောက်၊ လက်စွပ်၊ အကြီးအသေးစသည်တို့ကို အချိုးကျ ခွဲဝေယူခဲ့ကြခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် နှစ်လက်မှာ အောင်မျိုးသူမှ မြဝတီမြို့၌ နေထိုင်စဉ် အမျိုးသားတစ်ဦး (စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိသည်။

ဖြစ်စဉ်တွင် ရွှေစင်အကယ်ဒမီ ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန်တရားခံ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၀၅ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ | ၃၉၀၀ |
| 95 Ron | ၃၁၂၀ | ၃၂၃၀ | ၃၂၀၀ | ၃၁၃၅ | ၃၂၄၀ | ၃၂၅၅ | ၃၂၇၀ | ၃၁၉၀ | ၄၅၆၀ | ၃၄၈၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၈၀ | ၃၂၄၅ | ၃၂၆၅ | ၃၅၂၀ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၉၀ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၂၉ |
| 95 Ron | ၂၉၄၆ | ၃၀၁၈ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၃၀၈၃ | ၃၁၇၄ |
| HSD (10 ppm) | ၃၀၈၃ | ၃၁၇၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ဧရာဝတီမြစ်ကမ်းဘေး၌ ၂၀၂၅ ခုနှစ် နှစ်သစ်ကြိုဆိုပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၁

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကြိုဆိုပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးရှိ ဧရာဝတီ ရှုခင်းသာအပန်းဖြေစခန်းစီမံကိန်းနေရာ၌ ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီက နှစ်သစ်အကြို ဆုတောင်း ဝတ်ပြုခြင်း၊ အကအလှများဖြင့် ဖျော်ဖြေခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် နှစ်သစ်အကြို ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နှစ်ဟောင်းကို နှုတ်ဆက်ပြီး ၂၀၂၅ ခုနှစ်ကို ရောက်ရှိတော့မည် ဖြစ်သည့်အတွက် ပိုမိုကောင်းမွန်တည်ငြိမ်အေးချမ်းသည့် ပြည်နယ်တစ်ခုဖြစ်လာစေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ နှစ်ခြင်းခရစ်ယာန်အသင်းများမှ သိက္ခာတော်ရ ဆရာများက အဖွင့်ပဏာမကျမ်းချက်ဖတ်ခြင်းနှင့် ဆုတောင်းဆက်ကပ်ပေးကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ၂၀၂၄ ခုနှစ်အတွင်း ပြည်နယ်အတွင်း လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ ၂၀၂၅ ခုနှစ် နှစ်သစ်အတွက် ဆုတောင်းဆက်ကပ်ပေးနိုင်ရန် ဆုတောင်းခံချက်များနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဓမ္မတေးသီချင်းများ ကျူးခြင်း၊ နှစ်သစ်အတွက် ကောင်းချီးတောင်းခံခြင်း၊ နှစ်သစ်အကြို ဓမ္မဒေသနာတော်များ ဟောကြားခြင်း၊ ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားတက်ရောက်လာသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် အတူတကွ နှစ်သစ်အကြိုညစာကို တပျော်တပါး သုံးဆောင်ကြသည်။ ထို့ပြင် တိုင်းရင်းသားရိုးရာ အကအလှများ၊ ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ၂၀၂၅ ခုနှစ် နှစ်သစ်ကြိုဆိုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နှစ်သစ်ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ချောင်းသာကမ်းခြေ၌ နှစ်သစ်ကူးကာလတွင် အပန်းဖြေလည်ပတ်သူများဖြင့် စည်ကား

ချောင်းသာ ဇန်နဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များဖြစ်သော နှစ်သစ်ကူးကာလတွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ ဝင်ရောက်မှု များပြားလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ချောင်းသာကမ်းခြေ၌ အပန်းဖြေသူများ၊ ရေကူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ချောင်းသာမြို့သို့ ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များသည် ချောင်းသာကမ်းခြေတွင် အပန်းဖြေအနားယူခြင်းများအပြင် ကမ်းခြေအနီးရှိဖိုးကလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊ မော်တော်ဘုတ်များဖြင့်လည်းကောင်း၊ ချောင်းသာမြို့မှ ရွှေသောင်ယံကမ်းခြေ၊ ကျောက်မောင်နှမနှင့် Sea @Lake Garden တို့သို့ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့်လည်းကောင်း သွားရောက်လည်ပတ်မှုများလည်းရှိကြောင်း သိရသည်။

ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်သူများ စိတ်အေးချမ်းပျော်ရွှင်စွာအနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင်ဈေးရောင်းချသည့်ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန်တို့အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ပြီး ဌာနဆိုင်ရာနှင့် ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းသာကမ်းခြေသည် ကမ်းခြေရှည်လျားကျယ်ပြန့်ပြီး သဲသောင်ပြင် ညီညာပြန့်ပြူးမှု၊ ပင်လယ်ရေကြည်လင်မှုနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်မှုတို့ကြောင့် ခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် ဝင်ရောက်ကြောင်း သိရပြီး နှစ်သစ်ကူးကာလတွင် ယခင်ပုံမှန်ရက်များထက် ပိုမိုစည်ကားများပြားကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

# တနင်္သာရီမြို့၌ စေတနာရှင်များ စုပေါင်း၍ နှစ်သစ်ကူးစတုဒိသာအလှူများ ပြုလုပ်

တနင်္သာရီ ဇန်နဝါရီ ၁

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် သုခလမ်းတွင် မတည်အလှူရှင် ဒေါ်သန်းစီ မိသားစုနှင့်ခုနစ်ရက်သားသမီး စေတနာရှင် အလှူရှင်များစုပေါင်း၍ ဒီဇင်ဘာ ၃၁ရက် ညနေ ၄ နာရီမှစ၍ စိန်ခြူးစက်အပိုပစ္စည်းဆိုင်အရှေ့ မျက်နှာစာတစ်လျှောက်၌ လမ်းသွားလမ်းလာ ခရီးသွားပြည်သူများအား နှစ်သစ်ကူးအလှူ နိဗ္ဗာန်ဈေးစတုဒိသာအဖြစ် ထမင်းနှင့် ပဲကုလားဟင်း၊ အအေးတို့ဖြင့် စုပေါင်းကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ



# ကျိုက်မရောမြို့နယ်၌ နှစ်သစ်ကူးကောင်းမှုကုသိုလ်ပြုသူများ၊ ပျော်ပွဲရွှင်ပွဲဆင်နွှဲသူများဖြင့် အထူးစည်ကား

ကျိုက်မရော ဇန်နဝါရီ ၁

မွန်ပြည်နယ် ကျိုက်မရောမြို့ပေါ်ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သည့် ဆုတောင်းပြည့်ဘုရားကြီး၌ ယနေ့တွင် ဘုရားဖူးပြည်သူများအား စတုဒိသာ ကျွေးမွေးသူများ၊ လာရောက်စားသုံးသူ ရပ်ဝေးရပ်နီးမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

**အထူးစည်းကားလျက်ရှိ**

ထို့ပြင် အထင်ကရနေရာများဖြစ်သည့် ခရုံဂူ၊ စပယ်ဂူ၊ ဘားဘောင်ဂူစသည့် နေရာများတွင်လည်း ဇာတ်ပွဲများ၊ စတိတ်ရှိုးများဖြင့် ကပြဖျော်ဖြေလျက်ရှိရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# စစ်တွေမြို့၌ နှစ်သစ်ကူးအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

စစ်တွေ ဇန်နဝါရီ ၁

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် စစ်တွေမြို့ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၌ စစ်တွေမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သံဃာတော်အရှင်မြတ်များအား နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသော နှစ်သစ်ကူး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဒေ့ယ့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မြသိန်းတန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ပြည်နယ်သာသနာရေးရုံးမှ ဦးသိန်းထွန်းက ပဋ္ဌာန်းဒေသနာတော်များနာကြားရန် နတ်ပြဟ္မာများကိုဖိတ်ကြားပြီး ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက ရောင်ခြည်တော်ဖွင့်ဂါထာတော်ဖြင့် ဘုရားရှင်အား ပင့်လျှောက်ကာ စာချဆရာတော် ဦးဂန္ဓမာလင်္ကာရက ပဋ္ဌာန်းအဖွင့်ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်အရှင်သူမြတ်များက ဦးဆောင်ကာ ဘာဏကသံဃာတော်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်အား စတင်ဖွင့်လှစ်ရွတ်ဖတ်ပူဇော်၍ အလှည့်ကျဘာဏကသံဃာတော်က ဆက်လက်ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ ရေကန်၌ နှစ်သစ်ကူးကာလ ဇီဝိတဒါနအဖြစ် ငါးလွှတ်ကုသိုလ်ကောင်းမှု ပြုကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကျင်းပ

မြဝတီ ဇန်နဝါရီ ၁

ကရင်ပြည်နယ် မြဝတီမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ စေတီတော်မြတ်ကြီး မြောက်ဘက်မုခ် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီး ဝတ်တော်အတွင်း ကျင်းပသည်။



## လှည့်လည်ပူဇော်

ဦးစွာ မြတ်စွာဘုရားရှင်အား အမှူးထား၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ဦးဆောင်ကာ ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးကို ပင့်ဆောင်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ခြင်းနှင့် သာသာနာ့အလံ လွှင့်ထူပူဇော်ခြင်း စတင်ဆောင်ရွက်သည်။

ထို့နောက် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သီရိရတနာသက်သတ်လွတ် ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအာသီသက ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် မြတ်စွာဘုရားရှင်အား ပင့်လျှောက်ပူဇော်ခြင်းနှင့် မြို့နယ်သံဃနာယက အဖွဲ့ဝင် မင်းလက်ပံ ရွာဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍညက နတ်ပြဟ္မာများအား ဖိတ်ကြားခြင်း ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်နယ်သံဃနာယကအဖွဲ့ဝင် တောင်တန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေ့ယ့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပွင့်လင်းအေးမြိုင်ရွာဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မရက္ခိတက ပဋ္ဌာန်းအဖွင့် တိုက်တွန်းနှိုးဆော်လွှာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပေးပြီး သံဃာတော် အရှင်သူမြတ်များ ဦးဆောင်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသ (၂၄)ပစ္စည်းအကျဉ်းကို သုံးကြိမ်သံပြိုင်ရွတ်ဆိုပူဇော်၍ အလှည့်ကျဘာဏက သံဃာတော်အရှင်သူမြတ်များက ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးကို ဇန်နဝါရီ ၁ ရက်မှ ၉ ရက်ထိ ကိုးရက်တိုင်တိုင် နေ့/ညမပြတ် အသံမစဲရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# ပုဂံမြို့၌ နှစ်သစ်ကို ကြိုဆို၍ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကား

ပုဂံ ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး ပရိဝုဏ်တွင် ဒီဇင်ဘာ ၃၁ ရက်က ၂၀၂၅ ခုနှစ် နှစ်သစ်ကိုကြိုဆိုသောအားဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

## နှစ်သစ်ကိုကြိုဆို

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက်ရောက်တိုင်း ဒေသတွင်းရှိ စေတနာအလှူရှင်များနှင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များက နှစ်သစ်ကိုကြိုဆိုကာ စားသောက်ဖွယ်ရာများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဘုရားကျောင်းကန်များသို့သွားရောက်ပြီး ကုသိုလ်ဘာဝနာများ ပွားများအားထုတ်ခြင်း၊ ဝေနေယျသတ္တဝါများကို ဘေးအန္တရာယ်များကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်း၊ ဝင်ငွေနည်းအိမ်ထောင်စုများကို စားသောက်ရေးအဆင်ပြေစေရန် အခြေခံစားကုန်ပစ္စည်းများ လှူဒါန်းခြင်းဖြင့် စေတနာထက်သန်စွာ အစဉ်အလာမပျက် နှစ်သစ်ကို ကြိုဆိုကြလေ့ရှိသည်။

ယမန်နေ့က ရန်ကုန်မြို့မှ အလှူရှင်မိသားစုက လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးပရိဝုဏ်တွင် လူဦးရေ ၁၀၀၀ အားမုန့်ဟင်းခါးစတုဒိသာ လာရောက်ကျွေးမွေးလှူဒါန်းခဲ့ရာ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတလူငယ်များက လိုအပ်သည်များကို လုပ်အားဒါနပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



# တောင်ငူမြို့ နှစ်ဦးမင်္ဂလာ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ၂၀၂၅ ခုနှစ် နှစ်ဦးမင်္ဂလာ တတိယအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက ဘုရားကိုးဆူအာရုံခံ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အောင်မြင်ဇေယျာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဝနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အောင်မြင်ဇေယျာစာသင်တိုက်မှ ဆရာတော် ဦးကုသရိယက နတ်ပြဟ္မာများကို ဖိတ်ကြားပြီး ရွှေစံသာကျောင်းဆရာတော် ဦးစန္ဒောဘာသက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းဂါထာကို ဖတ်ကြားသည်။ ဆက်လက်၍ သံဃာတော်အရှင်မြတ်တို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို ရွတ်ဖတ်ပူဇော်ပြီး အလှည့်ကျအရှင်မြတ်က ဆက်လက်ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက သံဃာတော်အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ရေကြည်မြို့နယ် ကွင်းလျားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ကွင်းလျားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း မှဲဦးဆိုင်းဘုတ်အား လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး နှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းက မှဲဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ ် ဖွင့်လှစ်ပေးကာ အမှာစကားပြော ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးက ကွင်းလျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက ကျောင်းအတွက်အလှူငွေများကို ပေးအပ်လှူဒါန်းရာ ယာယီကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော် အဖွဲ့တို့က လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူ များ၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် အားကစားပွဲများကိုလည်းကောင်း၊ ကျောင်းစာကြည့် တိုက်တွင် ကျောင်းသား ကျောင်းသူများက စာပေ



များလေ့လာဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းစာကြည့်တိုက်အတွက် လည်းကောင်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အောင်လံမြို့နယ်၌ ကသစ်ကန်နယ်မြေမီးသတ်စခန်း ဖွင့်လှစ်

**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကသစ်ကန်ကျေးရွာတွင် ကသစ်ကန်နယ်မြေမီးသတ်စခန်း သစ်ဖွင့်ပွဲကို ယမန်နေ့မွန်းတည့် ၁၂ နာရီ က ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်ဦးလွင်နှင့် အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပါဝင်ကူညီခဲ့သည့် တိုင်းရင်းသား အဖွဲ့နှင့် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး နယ်မြေမီးသတ်စခန်း သစ်အား သက်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီက မီးသတ်ဦးစီးမှူးထံ လွှဲပြောင်းပေး အပ်ကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



**မျိုးသိန်း(ပြန်/ဆက်)**

# ဆီနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု ပန့်ပုန်းကျေးရွာ ပန်းချယ်ရီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ကုန်းမို့ကျေးရွာ ရွှေအားမာန်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများရှိ သမဝါယမအသင်းသားပိုင်လယ်ယာမြေများတွင် ရေဆင်းစပ်မျိုး ဆီနေကြာစိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။ ထို့နောက် ပြည်နယ်ဦးစီးမှူးက မြေအနေအထား၊ စိုက်ပျိုးထားရှိသည့်မျိုးနှင့် ရာသီဥတုအပေါ်မူတည်၍ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် အသီးအရွက် အားဆေးများ စနစ်တကျအသုံးပြုနိုင်ရေး စိုက်ပျိုးရေးပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်နှင့် ထွက်ရှိလာသော ဆီနေကြာများကို သမဝါယမအသင်းစုပိုင် ဆီကြိတ်စက်များတွင် ကြိတ်ခွဲစေပြီး သမဝါယမအသင်းသားများနှင့် ပြည်သူများအား အရည်အသွေးပြည့်မီသောနေကြာဆီများ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

တောင်ကြီးမြို့နယ်ရှိ သမဝါယမအသင်းသားပိုင်လယ်ယာမြေများတွင် ဆီနေကြာ ဧက ၁၇၀၀ ကျော် စိုက်ပျိုးထားရှိပြီး ထွက်ရှိလာသော နေကြာများအား သမဝါယမအသင်းအချင်းချင်းချိတ်ဆက်၍ နေကြာဆီကြိတ်ခွဲရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲနှင့်ဈေးရောင်းပွဲတော်များ ဆောင်ရွက်ထားရှိမှုနှင့် တွံတေးမွေးမြူရေးဇုန်အတွင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ငွေးသည် ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့် အတူ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ဘုရင့်နောင် တိုးချဲ့ပန်းခြံအတွင်း ၂၀၂၄ခုနှစ် ဒီဇင်ဘာ၃၀ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက် အထိကျင်းပဆောင်ရွက်လျက်ရှိသည့်(၇၇)နှစ် မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်၌ ပြည်သူများ ဝယ်ယူအားပေးနေမှုနှင့် ပန်းခြံအတွင်း အပန်းဖြေအနားယူနေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ကမာရွတ်မြို့နယ် ပြည်လမ်းမပေါ်ရှိ မြေအောက်လူသွားဥမင်ကိုအသုံးပြု၍ ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနေမှုကို လည်းကောင်း၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းပေါ်၌ ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြုလုပ်ထားသည့် မြေအောက် လူသွားဥမင်ကိုအသုံးပြု၍ ဘုရားဖူးပြည်သူများ လွတ်လပ်စွာ ဖြတ်သန်းသွားလာနေမှုကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး တွံတေးမွေးမြူရေးဇုန် အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ သန့်ရှင်း သာယာသပ်ရပ်ရေးနှင့် အရိပ်ရလေကာပင်များ၊ အလှပန်းပင်များနှင့် တည်ပင်များစိုက်ပျိုးထား ရှိမှုကိုလည်းကောင်း၊ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)မှ မွေးမြူရေးဇုန်အပိုင်း(၂)တွင် 90mm HDPE ပိုက်လိုင်း ပေ ၁၅၀၀၀ ဆက်သွယ်ပြီး ဆိုလာစနစ်အသုံးပြု၍ ၈ လက်မစက်ရေတွင်း အနက်ပေ ၅၀၀ နှင့် ရေထွက်နှုန်း ၁ နာရီ ၈၀၀၀ ဖြင့် ရေဖြန့်ဖြူးပေးဝေနေမှုကို လည်းကောင်း၊ ကန်ကြီးကုန်းကျေးရွာရှိ ကန်ကြီးကုန်း ကန်ရေပြင်ထိန်းသိမ်းထားရှိမှု၊ မွေးမြူရေးဇုန်အပိုင်း(၂)၌ ပုဂ္ဂလိကလုပ်ငန်းရှင်များက ငုံး၊ ဥစားကြက်၊ အသားစားကြက်နှင့် ဝက်မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# နှစ်သစ်တွင် လုပ်ဆောင်သင့်သော စိတ်ကူးအိပ်မက်များ

**၂၀၂၅ ခုနှစ်ဆိုသော နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ မပြတ်လည်ပတ်နေသော ရာသီစက်ဝန်းနှင့်အတူ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့သည် စက္ကန့်၊ မိနစ်၊ နာရီဆိုသော အချိန်ကာလ၏ ဝါးမျိုခြင်းကိုခံနေရသည်။ အမှတ်တမဲ့အချိန်အတွင်းမှာပင် အသက်တစ်နှစ်ကြီးသွားပြီဖြစ်သည်။ နှစ်သစ်တွင် တန်ဖိုးရှိသည့်စက္ကန့်တိုင်းကို အကျိုးရှိစွာအသုံးချကာ စဉ်ဆက်မပြတ် ကြိုးပမ်းနေမှသာ အောင်မြင်မှုနှင့် စိတ်ချမ်းမြေ့မှုတို့ကို တူးဆွရှာဖွေနိုင်မည်ဖြစ်သည်။**

မောင်သောင်းဝင်း(တမန်ဟောင်း)

❀ **ကိုယ်စီနိဝါတတရား လက်ကိုင်ထားမည်ဆိုလျှင် လူ့အဖွဲ့အစည်းကြီးသည် အဖုအထစ်မရှိ အောင်မြင်မှုရရှိနေမည်ဖြစ်သည်။ ထိုသို့ လူ့အဖွဲ့အစည်းကြီး သဟဇာတဖြစ်နေစေရန်အတွက် လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်ပေါင်းစုံသည် နှစ်သစ်ကာလတွင် ဗြဟ္မစိုရ်တရားလက်ကိုင်ထားမည်ဆိုသည့် စိတ်ကူးအိပ်မက်များ ကိုယ်စီရှိရန်လိုအပ်**

❀ **လူတစ်ဦးသည် ရာထူး၊ အဆင့်အတန်းနှင့် ငွေကြေး မည်မျှပင် မြင့်မားတိုးတက်ပိုင်ဆိုင်နေစေကာမူ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားနှင့် မုဒိတာတရားတို့ ပွားများနိုင်မှသာလျှင် လူပီသမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် လူ့ကျင့်ဝတ်မရှိသော လူတန်းစားထဲတွင် ပါဝင်နေမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်မှစ၍ လူပီသအောင် ကြိုးစားကျင့်ကြံနေထိုင်**

**နှစ်သစ်သန္နိဋ္ဌာန်**

နှစ်သစ်တွင် ဆောင်ရွက်သင့်သည့် စိတ်ကူးအိပ်မက်များကို ဖြစ်နိုင်ပါက မှတ်စုစာအုပ်တွင် ချရေးထားသင့်ပေသည်။ နှစ်သစ်တွင် ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန်ဟု ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံကြီးသားများသည် နှစ်စဉ်ခရစ်နှစ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန် (New Year's Resolution) များ ချမှတ်လေ့ရှိသည်။ ထိုနည်းတူစွာ စာရေးသူတို့ မြန်မာနိုင်ငံသားများအနေဖြင့်လည်း နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နယ်ပယ်များတွင် အောင်မြင်စွာ ကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့်ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သင့်ပါသည်။

**ကျန်းမာရေး**

အာရောဂျံပရမံလာဘံ "ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်" ဆိုသောစကားနှင့်အညီ လူတိုင်းအတွက် အရေးကြီးဆုံးအချက်သည် ကျန်းမာစွာနေထိုင်နိုင်ရေးပင်ဖြစ်သည်။ လူတစ်ဦးသည် ကျန်းမာနေမှသာလျှင် အခြားလုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်စွမ်းရှိသည်။ နှစ်သစ်တွင် ဆောင်ရွက်သွားမည့်လုပ်ငန်းများအနက် ကျန်းမာရေးကို အဓိကထား၍ ဆောင်ရွက်သွားရန်လိုအပ်သည်။ တိုးတက်လာသောခေတ်ကြီးတွင် လူများသည် ဇိမ်ခံပစ္စည်းများနှင့် အချိန်ဖြုန်းလာကြသည်။ လှုပ်ရှားမှုနည်းပြီး အဆီအအိမ့်များကို လွန်ကဲစွာ မှီဝဲသုံးဆောင်လာကြသောကြောင့် ရောဂါမျိုးစုံ ဖိစီးခံစားလာကြရသည်။

ထို့ကြောင့် တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀ ခန့် လမ်းလျှောက်သင့်ပါသည်။ တတ်နိုင်ပါက နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လမ်းလျှောက်လျှင် ပို၍ကောင်းပါသည်။ လမ်းလျှောက်ခြင်းသည် ငွေကြေးကုန်ကျမှုမရှိသည့်အပြင် ကျန်းမာရေးကိုလည်း များစွာအထောက်အကူပြုသည့် လေ့ကျင့်ခန်းဖြစ်သည်။ လူတစ်ဦးသည် လုပ်ငန်းတာဝန်များ မည်မျှပင်များပြားနေစေကာမူ နှစ်သစ်တွင် ကျန်းမာရေးအတွက် နေ့စဉ်မပျက်မကွက် လမ်းလျှောက်ရန် လိုအပ်ပါသည်။

**ဘာသာရေး**

ဘာသာရေး အဆုံးအမများသည် လူ့အသိုက်အဝန်းကို ယဉ်ကျေးသိမ်မွေ့အောင် ထိန်းကျောင်းပေးနိုင်စွမ်းရှိသည်။ ဘာသာရေးအဆုံးအမကို လိုက်နာသော လူ့အဖွဲ့အစည်းသည် ယဉ်ကျေးသိမ်မွေ့ကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် ဘာသာရေးအဆုံးအမမရှိသော အသိုက်အဝန်းသည် မင်းမဲ့စရိုက်ဆန်ပြီး ရိုင်းစိုင်းကြသည်။ ကျေးဇူးရှင်မြတ်ဗုဒ္ဓက သတ္တဝါများအပေါ်မေတ္တာထားရန် အကြိမ်ကြိမ်ဟောကြားတော်မူခဲ့သည်။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း "စိတ်ကောင်းရှိဖို့က ပထမ" ဟု ဟောကြားခဲ့ပါသည်။ နှစ်သစ်တွင် နေ့စဉ်နံနက်စောစောထပြီး ဘုရားကန်တော့၊ ပဋ္ဌာန်း၊ ပရိတ်ရွတ်၊ ပုတီးစိပ်၊ တရားထိုင်ပြီး ၃၁ ဘုံရှိ သတ္တဝါများကို မေတ္တာပွားများနိုင်အောင် ကြိုးစားအားထုတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားတော်များနှင့်အညီ ကြိုးစားပြုမူကျင့်ကြံ နေထိုင်သွားခြင်းသည်လည်း နှစ်သစ်တွင် မဖြစ်မနေ ဆောင်ရွက်သင့်သော အချက်တစ်ချက်ဖြစ်သည်။

ဆိုရလျှင် လူသားတို့သည် နေ့စဉ်စားဝတ်နေရေးအတွက် ရုန်းကန်နေရမည်မှာ သဘာဝပင်ဖြစ်သည်။ လူတစ်ဦးသည် မည်သည့်အလုပ်ဖြင့် အသက်မွေးနေရသည်ဖြစ်စေ တွေးတောကြံစည်၊ ပြောဆို၊ ပြုမူမှုမှန်သမျှကို သတိကပ်၍သာ လုပ်ဆောင်နိုင်မည်ဆိုလျှင် အကုသိုလ်နည်းပါးနေမည် ဖြစ်သည်။ အမှန်စင်စစ်မှာမူ သတိတရားလက်ကိုင်ထားသူတစ်ဦးသည် နေ့စဉ်လုပ်ငန်းခွင်၌ပင် ကုသိုလ်ကောင်းမှုများ ရရှိနိုင်စေသည်။

အချိန်ပြည့် သတိမကပ်နိုင်သည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်သည့်သဒ္ဓါတရားသာ ရင်ထဲကိန်းအောင်းနေမည်ဆိုလျှင် ကုသိုလ်စိတ်များ ဖြစ်နေမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တွင် ကိုယ်စီလုပ်ငန်းတာဝန်များကို သတိတရားဖြင့်သာ ထမ်းဆောင်သွားမည်ဆိုလျှင် ကုသိုလ်ကောင်းမှုများရရှိနေမည်ဟု ဆိုချင်ပါသည်။

**ပညာရေး**

နည်းပညာများ အလျင်အမြန်ပြောင်းလဲတိုးတက်နေသော ခေတ်ကြီးတွင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေမှသာလျှင် တိုးတက်အောင်မြင်မှုကို ရှာဖွေနိုင်မည်ဖြစ်သည်။ လူငယ်များအနေဖြင့် ပုံမှန်အတန်းပညာအပြင် ဘာသာစကား၊ ကွန်ပျူတာ၊ နည်းပညာနယ်ပယ်များတွင်လည်း ဖြန့်ကြက်လေ့လာသွားရန် လိုအပ်ပေသည်။ လူတစ်ဦးသည် အနည်းဆုံး အထက်တန်းအဆင့်ပညာထိ သင်ယူထားမှသာလျှင် သူတစ်ပါး၏ စည်းရုံးသိမ်းသွင်းမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ဝါဒမှိုင်းတိုက်မှုများကို ချင့်ချိန်ဆုံးဖြတ် ရှောင်ရှားနိုင်မည်ဖြစ်သည်။ ထိုသို့ပညာသင်ယူခွင့်မရရှိခဲ့လျှင် စာအုပ်စာပေများ ဖတ်ရှုသင့်ပေသည်။ ပညာတတ်နည်းသောတိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းသလောက် ဖော်ဆောင်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ထို့ကြောင့် နှစ်သစ်တွင် အတတ်ပညာတစ်ခုခုကို လေ့လာဆည်းပူး သင်ယူသင့်ပေသည်။

**စာဖတ်ခြင်း**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူများ၏ စာဖတ်စွမ်းအား၊ တစ်နည်းအားဖြင့် စာပေ တတ်မြောက်မှုနှုန်းပေါ်တွင် များစွာတည်မှီနေပါသည်။ လူတစ်ဦးချင်းစီ၏ ကိုယ်စီဘဝ တိုးတက်အောင်မြင်ရေးအပြင် တိုင်းပြည်တည်ဆောက်ရေးကိုပါ အထောက်အကူပြုနိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံး နှစ်သစ်တွင် စာပေမျိုးစုံကို ဖတ်ရှုရန်လိုအပ်ပါသည်။ လူတစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်နှင့် မိတ်ဆွေများစုဖွဲ့၍ဖြစ်ဖြစ် စာဖတ်ခြင်း၊ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်း၊ စာကြည့်တိုက်များသွားခြင်း၊ တတ်နိုင်သမျှ စာအုပ်များ ဝယ်ယူစုဆောင်းခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည်။ အဆွေစာရှုသူသည် ယခင်နှစ်က စာအုပ်အရေအတွက် မည်မျှပြီးအောင် ဖတ်ခဲ့ပြီး မည်မျှဝယ်နိုင်ခဲ့ပါသလဲ။ နှစ်သစ်တွင်လည်း မည်မျှပြီးအောင် ဖတ်ပြီး မည်မျှဝယ်ရန် ရည်မှန်းထားပါသလဲ။ လူတစ်ဦးသည် စာအုပ်စာပေများများဖတ်နိုင်လေလေ အသိပညာဗဟုသုတ ပိုမိုကြွယ်ဝလေလေပင်ဖြစ်သည်။

**စီးပွားရေး**

လူတစ်ဦးသည် အသက်ရှင်နေထိုင်စဉ်ကာလအတွင်း စား၊ ဝတ်၊ နေရေးလုပ်ငန်းအတွက် နေ့စဉ်ရုန်းကန်လှုပ်ရှားနေရမည်သာဖြစ်သည်။ ထိုသို့ လှုပ်ရှားဆောင်ရွက်ရာတွင် အတ္တနှင့်ပရမျှတသည့် သမ္မာအာဇီဝကျသောလုပ်ငန်းများဖြင့် လူသားဆန်ဆန် အသက်မွေးကြရပါမည်။ မတော်လောဘဖြင့် ကြီးပွားလာသူတစ်ဦးသည် စိတ်အေးလက်အေးဖြင့် မနေနိုင်ပေ။ ထို့ကြောင့် နှစ်သစ်တွင် မိမိအကျိုးအပြင် အများကိုပါ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပါမည်။

ထို့ပြင် ကိုယ်စီနိဝါတတရား လက်ကိုင်ထားမည်ဆိုလျှင် လူ့အဖွဲ့အစည်းကြီးသည် အဖုအထစ်မရှိ အောင်မြင်မှုရရှိနေမည်ဖြစ်သည်။ ထိုသို့ လူ့အဖွဲ့အစည်းကြီး သဟဇာတဖြစ်နေစေရန်အတွက် လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်ပေါင်းစုံသည် နှစ်သစ်ကာလတွင် ဗြဟ္မစိုရ်တရားလက်ကိုင်ထားမည်ဆိုသည့် စိတ်ကူးအိပ်မက်များ ကိုယ်စီရှိရန် လိုအပ်ပါသည်။

လူတစ်ဦးသည်ရာထူး၊အဆင့်အတန်းနှင့် ငွေကြေး မည်မျှပင်မြင့်မားတိုးတက်ပိုင်ဆိုင်နေစေကာမူ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားနှင့် မုဒိတာတရားတို့ ပွားများနိုင်မှသာလျှင် လူပီသမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် လူ့ကျင့်ဝတ်မရှိသော လူတန်းစားထဲတွင် ပါဝင်နေမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်မှစ၍ လူပီသအောင် ကြိုးစားကျင့်ကြံနေထိုင်ကြပါစို့။

**အထွေထွေ**

လူတစ်ဦးသည် စား၊ ဝတ်၊ နေရေးအပြင် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့် ကဏ္ဍစုံလင်စွာတွင် ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိနေပါသည်။ ထိုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်မှာ ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာ မူတည်နေပါသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိသားစုနှင့် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို အနည်းအကျဉ်းမျှ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့် လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူ့လောကတွင် လူပိုတစ်ဦးကဲ့သို့ ဖြစ်မနေစေရန် နှစ်သစ်အတွက် စိတ်ကူးအိပ်မက်သစ်များ ချမှတ်ထားသင့်ပါသည်။ ထိုစိတ်ကူးမျှော်မှန်းချက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် နှစ်သစ်မှစ၍ လက်တွေ့ကျကျ ကြိုးပမ်းသွားရန် လိုအပ်ပါသည်။

**စိတ်နေစိတ်ထားပြုပြင်**

စင်စစ်အားဖြင့် လူတစ်ဦးသည် မည်သည့်နယ်ပယ်တွင် ကျင်လည်နေရသည်ဖြစ်စေ ထိုလူ၏စိတ်နေစိတ်ထားနှင့် လုပ်ဆောင်ချက်အပေါ် မူတည်၍ လုပ်ဖော်ကိုင်ဖက်များ၊ ပတ်ဝန်းကျင်ရှိ မိတ်ဆွေများက နာမည်ပေးကင်ပွန်းတပ်လေ့ရှိသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် ရေသာခိုအချောင်လိုက်နေမည်ဆိုလျှင်၊ မူးယစ်ရမ်းကားနေမည်ဆိုလျှင်၊ ပြဿနာကိုသာရှာနေမည်ဆိုလျှင် နာမည်ဆိုးများထွက်၍ မည်သူမျှတွဲ၍ လုပ်ဆောင်လိုခြင်းရှိမည်မဟုတ်ပေ။

တစ်နည်းအားဖြင့် ဆိုရလျှင် အနစ်နာခံလိုသူ၊ ကြိုးပမ်းအားထုတ်လိုသူ၊ လေ့လာဆည်းပူးလိုသူ၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသူဆိုလျှင် လူတိုင်းက လက်တွဲချင်ကြသည်။ မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် အနစ်နာခံခဲ့မည်ဆိုလျှင် နာမည်ကောင်းထွက်နေမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်များအပေါ် အမြဲတစေ ပြဿနာသာရှာခဲ့မည်ဆိုလျှင်တော့ နာမည်ဆိုးသာကျန်ခဲ့မည်ဖြစ်သည်။

ယခုဆိုလျှင် ၂၀၂၅ ခုနှစ်ဆိုသော နှစ်သစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် လောဘ၊ ဒေါသ၊ မာန်မာနများအပေါ်အခြေခံ၍ သုခ၊ ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ နှစ်သစ်တွင် လောဘ၊ ဒေါသ၊ မာန်မာနများလျှော့ချကာ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာစိတ်များ ထားရှိပြီး အကောင်းဆုံး ကြိုးပမ်းသွားမည်ဆိုလျှင် ဝမ်းနည်းဖွယ်ရာများ၊ နာကြည်းဖွယ်ရာများ၊ နောင်တရဖွယ်ရာများ လျော့ပါးလာစေမည်ဖြစ်သည်။ ထို့ကြောင့် ဒေါသ၊ မာန်မာနနှင့် အတ္တများကို တဖြည်းဖြည်းချင်း လျှော့ချပြီး စိတ်နေစိတ်ထားပြုပြင်သွားရန် လိုအပ်ပါသည်။

နှစ်ဟောင်းတွင် အကောင်းနှင့် အဆိုးဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်ကြရန်လိုအပ်သည်။ နှစ်သစ်၌ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီ စိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်ရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်အတွင်း ကျွန်ုပ်တို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစုနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ခိုင်မာသောသန္နိဋ္ဌာန်များ ချမှတ်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး



**သာယာဝတီ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာ အုပ်စုရှိ တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၅၀ မျိုးစေ့ချကိရိယာ Drum Seeder ဖြင့် စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်မှသာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နွေစပါး နှစ်သီးရရှိနိုင်ရေး ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးသွားရန်၊ သဘာဝမြေဩဇာနှင့် တွဲဖက်သုံးစွဲသွားရန်နှင့် စိုက်ပျိုးရေအား စနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားရန် လမ်းညွှန်ပြောကြားပြီး တောင်သူများအတွက် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် အုန်းတောစုကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးလာလူး၏ နို့စားနွား ၆၅ ကောင် မွေးမြူထားရှိမှုနှင့် တစ်ရက်လျှင် နွားနို့ပိဿာ ၁၆၀ ကျော် ထွက်ရှိပြီး ဒိန်ချဉ်နှင့် ပူတင်းထုတ်လုပ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး နို့စားနွားအပြင် ဒေသနွားများကိုလည်း ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူသွားရန်၊ တိရစ္ဆာန်အစာအတွက် နေပီယာမြက်များ စိုက်ပျိုးသွားရန်၊ ပြည်ပသွင်းကုန်အစားထိုး နို့ဆီ၊ နို့စိမ်းများ တိုးမြှင့်ထုတ်လုပ်သွားရန်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေဩဇာ ထုတ်လုပ်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်များကိုယ်တိုင် မေထုန်မဲ့ သားစပ်ခြင်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီပေးရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် ဧက ၇၁၉၀ ထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန် အစာပင် ၇၁၉၀ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွဲနွားတိရစ္ဆာန်များအတွက် လိုအပ်သော အစာဖူလုံစေရန် ရည်ရွယ်၍ တိရစ္ဆာန်အစာပင် ၇၉၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၁၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကျွဲနွားတိရစ္ဆာန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ တိရစ္ဆာန်အစာ ရှားပါးမှုမဖြစ်စေရန်အတွက် ကျွဲနွားတိရစ္ဆာန်အစာပင် ၇၉၀၈ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး ဒီနေ့ထိ ဧက ၇၁၉၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ အဓိက စိုက်ပျိုးတဲ့ ကျွဲနွား တိရစ္ဆာန်အစာတွေက တော့ နှံစားပြောင်း၊ နေပီယာမြက်နဲ့ ပဲသီးနှံတွေကို အများဆုံး စိုက်ပျိုးပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ ကျွဲနွား တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါ မကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမယ့် နည်းပညာတွေ အသိပညာပေးခြင်းစတဲ့ တောင်သူပညာပေး လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ကျွဲနွား တိရစ္ဆာန်အစာ စိုက်ပျိုးခြင်းကို မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို စနစ်တကျ အသုံးချပြီး နှံစားပြောင်း ၊ ပဲမျိုးစုံ နေပီယာမြက်နှင့် ဖူးစားပြောင်း တို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန်နှင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပျိုးရေး သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး လက်တွေ့သရုပ်ပြသခြင်း ၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့် တောင်သူ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**



# ကျိုင်းတုံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတုံ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ယန်းလောကျေးရွာအုပ်စုနှင့် လွယ်လုံကျေးရွာအုပ်စုသို့ ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောဝင်းသူ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာခိုင်မြဲစည်သူ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မင်းနှင့် ဝန်ထမ်းများက ကျိုင်းတုံမြို့နယ်အတွင်းရှိ ယန်းလောကျေးရွာအုပ်စုနှင့် လွယ်လုံကျေးရွာအုပ်စုသို့ သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါက်တာခိုင်မြဲစည်သူက ဒေသခံပြည်သူထံသို့ မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများကို ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မင်းက ဒေသအတွင်း နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ဟင်းသီး ဟင်းရွက်စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁**

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)၌ အပင်တစ်သျှူးမျိုးပွားနည်းပညာများဖြင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)တွင် ရောဂါခံနိုင်ရည်ရှိပြီး မျိုးဗီဇတူညီသော အပင်များ၊ ရှားပါးအပင်များ၊ မျိုးသုဉ်းလုနီးပါးရှိသော အပင်များကို အပင်တစ်သျှူး မျိုးပွားနည်းပညာများဖြင့် သုတေသနပြု မျိုးပွားလျက်ရှိပြီး ပြည်သူများနှင့် တောင်သူများအား မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အပင်တစ်သျှူးမျိုးပွားနည်းပညာသည် အပင်ဆဲလ်များ၊ တစ်သျှူးများ သို့မဟုတ် အပင်၏အင်္ဂါအစိတ်အပိုင်း (ဥပမာ- အရွက်၊ အညွန့်၊ အမြစ် စသည်) များကို အပင်အတွက် လိုအပ်သော အာဟာရဓာတ်များပါဝင်သည့် မီဒီယာခေါ် အာဟာရပြင်တစ်ခုတွင် ပိုးမွှားကင်းစင်သောအခြေအနေ၌ ရှင်သန်ကြီးထွားရန် (သို့မဟုတ်) ကြီးထွားစေရန်အတွက် မွေးမြူအသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်ပြီး မျိုးစေ့ရရှိရန်ခက်ခဲသော အပင်များ၊ လိင်မဲ့နည်း (ကိုင်းဖြတ်၊ ကိုင်းကူး) ဖြင့် မျိုးပွားရန်ခက်ခဲသော အပင်မျိုးများအား အလွယ်တကူ မျိုးပွားပေးနိုင်ခြင်း၊ အရေးကြီးသော သီးနှံများကို အပင်တစ်သျှူး မျိုးပွားနည်းဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ကောင်းမွန်သော မျှော်မှန်းချက်များဖြစ်ကြောင်း သိရသည်။



ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)အနေဖြင့် အပင်ဆဲလ်တစ်သျှူးမွေးမြူခြင်းနည်းဖြင့် ထုတ်လုပ်ထားသည့် မျိုးကောင်းမျိုးသန့်များကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုနိုင်ပြီး ဈေးကွက်ဝင်သည့် ရွှေနီ၊ ခွံ့ဝါ ငှက်ပျောမျိုးများနှင့် ဖီးကြမ်းငှက်ပျောမျိုးများကို အပင်တစ်သျှူးမျိုးပွားသည့်နည်းပညာဖြင့် မျိုးကောင်းမျိုးသန့်အပင်ပေါက်များ အချိန်တိုအတွင်း၌ မြောက်မြားစွာ ထုတ်လုပ်လျက်ရှိပြီး ပြည်သူနှင့် တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အိမ်သုံးရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (သာကေတ) ဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရတနာစုကုမ္ပဏီလီမိတက်က (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အိမ်သုံးရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (သာကေတ) ဆိုင်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းမကြီး အမှတ် (၂၃၇ / A ၁)၌ ကျင်းပသည်။

**ဖွင့်လှစ်**

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအတွင်းရေးမှူး ဦးလှဝင်းဋ္ဌေး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးလွင်စိုး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးစန္ဒာလွင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်စိုးနှင့် ရတနာစုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကောင်းထက်တို့က အိမ်သုံးရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် ( သာကေတ) ဆိုင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



ဆက်လက်၍ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (သာကေတ)ဆိုင်သစ်ဆိုင်းဘုတ်အား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ဧည့်သည်တော်များက ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဦးဇော်ဝင်းတို့က အဖွင့်အမှာစကားများပြောကြားပြီး ရတနာစုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကောင်းထက်က ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (သာကေတ) ဆိုင်သစ်တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# ကျုံ့မငေးမြို့ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးဖွင့်ပွဲနှင့် စက်ရုံအဘိဓဇခန်းမ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ ကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၁

ဧရာဝတီတိုင်း ဒေသကြီး ကျုံ့မငေးမြို့ ပုလဲအောင်မြေရပ်ကွက် ဂငံ့ရာမလမ်းရှိ စက်ရုံအခြေခံပညာ အထက်တန်းကျောင်းခွဲတွင် အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် စက်ရုံအဘိဓဇခန်းမ လွှဲပြောင်းလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထိုအခမ်းအနားသို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမန နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု အမှူးပြုသော သံဃာတော်များ၊ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ ခရိုင်ပညာရေးမှူး ဦးဌေးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းစမ်စွမ်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး စက်ရုံအခြေခံပညာ အထက်တန်းကျောင်း ဆိုင်းဘုတ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ခြင်း၊ ဆရာတော် ဘဒ္ဒန္တသုမနက အမွေနံ့သာရည်များ ပက်ဖျန်း၍ ယင်းကျောင်းတိုက်ရှိ စက်ရုံအဘိဓဇခန်းမအား ပညာရေးဌာနသို့ လွှဲပြောင်းလှူဒါန်းရာ ခရိုင်ပညာရေးမှူး ဦးဌေးဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့်မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၂၅၀ နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၁၃၅ ပိဿာတို့ကို ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချ ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၁

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ၂၇ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီက အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မဟာဘွဲ့ ခုနစ်ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ ၂၂၁ ဦး၊ ဘွဲ့လွန်ဒီပလိုမာ နှစ်ဦး၊ Dip HRM ဒီပလိုမာတန်း ၂၅ ဦး စုစုပေါင်း ၂၂၅ ဦးရှိပြီး တက်ရောက်ဘွဲ့ယူသူ ၂၁၀ ဦး၊ အဝေးရောက်ဘွဲ့ယူသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီးတွင် (၁၈) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ပိတ်ပွဲကျင်းပ

**မြိတ် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီးတွင် (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ပိတ်ပွဲကို ယနေ့နံနက် ၉ နာရီက ဗုဒ္ဓသာသနဒ္ဓဇမာန်၌ ကျင်းပသည်။

မဟာပဋ္ဌာန်းပူဇော်ပွဲကို ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပဋ္ဌာန်းဘာဏက ဆရာတော် ၂၇ပါးတို့က ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရွတ်ဆိုပူဇော်ခဲ့ကြပြီး ပဋ္ဌာန်းသိမ်းအောင်ပွဲကို ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြပြီး နမောတဿ ဗုဒ္ဓပဏာမဖြင့် ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။



ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာသန လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်၍ တရားဒေသနာတော်များ နာယူကြပြီး စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပဋ္ဌာန်းဘာဏက ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပခြင်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည ကန်သာပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားများ နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် စေတီတော်ဥပါသိကာအဖွဲ့က သမ္မာဒေဝနတ်ဖြဟ္မာများအား ပြန်လည်ပို့ဆောင်ကြပြီး (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်း ပူဇော်ပွဲကြီးကို သာသနာ့အဓိဋ္ဌာန်သုံးကြိမ် ရွတ်ဆိုပူဇော်၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီး၌ ၂၀၂၄ ခုနှစ် ၁၁ လတာ ကာလအတွင်း ရဟန်းသံဃာ၊ သီလရှင် ၇၅၄၅ ပါးကို ကုသပေးခဲ့ပြီး ဆေးဖိုးငွေကျပ် သိန်း ၄၃၀၀ ကျော် လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလ ၁၁ လတာ ကာလ



အတွင်း ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီး၌ရဟန်းသံဃာ၊ သီလရှင် ၇၅၄၅ ပါးကို ကုသပေးနိုင်ခဲ့ပြီး ဆေးဖိုးငွေကျပ် သိန်း ၄၃၀၀ ကျော် လှူဒါန်းပေးခဲ့ကြောင်း အဆိုပါဆေးရုံ၏ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးရေးသားထားသည်။

အဆိုပါ လူနာများအနက်သံဃာ၊ သီလရှင်များတွင် ဖျားနာလူနာ၊ ခွဲစိတ်လူနာ၊ အရိုးအကြောလူနာ၊ ကျောက်ကပ်လူနာ၊ ကင်ဆာလူနာ၊ လေဖြတ်လူနာ စသည်ဖြင့် လူနာမျိုးစုံ ပါဝင်နေခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ပျဉ်းမနားမြို့ သံဃာ့ဆေးရုံကြီးသည် မြန်မာပြည်အလယ်ပိုင်း ရဟန်းသံဃာ၊ သီလရှင်များအားထားရာ ဆေးရုံကြီးဖြစ်သည်နှင့်အညီ ယခုအခါ ၂၀၂၄ ခုနှစ်ကုန်ဆုံး၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကို ရောက်ရှိလာခဲ့ပြီဖြစ်၍ နှစ်သစ်ဦး အလှူဒါန ပြုချင်သူများအတွက် ဂိလာန သံဃာ၊ သီလရှင်များအား ဆေးကုသစရိတ် လှူဒါန်းရင်း နှစ်သစ်ကို ကြိုဆိုပေးကြရန်လည်း နှိုးဆော်ထားသည်။

**မေသက်**

# ကံမမြို့၌ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် ဆေးဝါးများ ဆက်ကပ်လှူဒါန်း

**ကံမ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၃)ရပ်ကွက် ယွန်းကျောင်းပရိယတ္တိစာသင်တိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စာသင်တိုက်ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒနှင့် စာသင်စာချ ဆရာတော်များ၊ စာသင်သား သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်ခြင်းအဖြစ် ဆီးချိုသွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်နှင့်အဖွဲ့က အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် ဆရာတော် သံဃာတော်များအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်နှင့် သူနာပြုဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့် ဆေးဝါးများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**



## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့








## မိုင်းယောင်းမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိုင်းယောင်း ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၉ နာရီက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၁၅ ဦးက လွတ်လပ်ရေးနေ့ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဝေဝေခိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်ရှိ မွေးကင်းစမှအသက်တစ်နှစ်ခွဲထိ ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်နေစဉ်။

ကိုကျော်(သုံးခွ)



## ကန့်ဘလူမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်

**ကန့်ဘလူ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်နံနက် ၉ နာရီက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်ငါးခုမှ ကလေးငယ်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ အသည်းရောင်အသားဝါ (ဘီ)ပိုးကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ဝမ်းပျက်ဝမ်းလျှော(ရိုတ)ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မိုးနဲမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပ

**မိုးနဲ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာမူလတန်းကျောင်း (ဥယျာဉ်)ကျောင်းအုပ်ဆရာမကြီး ဦးဆောင်၍ ကျောင်းတွင်းအထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ အားကစားကိုဝါသနာပါလာပြီး ကိုယ်ကာယကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးကာ ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်အတွက် ယနေ့နံနက် ၉ နာရီက အခြေခံမူလတန်းကျောင်းအားကစားကွင်းနေရာ၌ အားကစားပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်းသိရသည်။



**ဆုများချီးမြှင့်ပေးအပ်**

အားကစားပြိုင်ပွဲများအနေဖြင့် အခြေခံပညာမူလတန်း အပြေး၊ ပန်းကန်ရွက်၊ ဖားခုန်၊ အင်္ကျီဝတ်၊ ပူစီပေါင်းဖောက်၊ လွန်ဆွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးလျက်ရှိပြီး ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိခဲ့သူများ၊ အသင်းလိုက်ဆုရရှိသူများအား ကျောင်းသားစုံညီပွဲတော်တွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## စလင်းမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**စလင်း ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်စီမံအုပ်ချုပ်ရေးဖလား အားကစားပြိုင်ပွဲများကို စလင်းမြို့နယ်ပြည်သူ့အားကစားကွင်း၊ စလင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပေါင်းနားရပ်ကွက် လင်းဖူဆယ်အားကစားကွင်းတို့တွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



**ပေးအပ်ချီးမြှင့်**

အဆိုပါ အားကစားပြိုင်ပွဲများကို စလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးကြပ်ကာ မြို့နယ်ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၅ ဦး၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ စားပွဲတင်တင်းနစ် ပြိုင်ပွဲတွင် လူသစ်တန်း အမျိုးသား ၂၄ ဦး၊ အလွတ်တန်းရှစ်ဦး ယှဉ်ပြိုင်ကစားလျက်ရှိပြီး စလင်းမြို့ ပေါင်းနားရပ်ကွက်(လင်းဖူဆယ်အားကစားကွင်း)၌ Golden Brother FC အသင်း၊ Golden Kind FCအသင်း၊ Phoe Kyaw FCအသင်း၊ UHW FCအသင်းတို့ ယှဉ်ပြိုင်ကစားကြကာ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားတွင် အားကစားပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မောင်လွင်(စလင်း)

## တာမွေမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**တာမွေ ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် သဃ်္ဃန်းကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်စန်းစန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်စန္ဒာအေးက ပြိုင်ပွဲအမျိုးအစားများအလိုက် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တာမွေမြို့နယ်အတွင်းရှိ မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အထိ ရင်သွေးငယ်လေးများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကို



ကျင်းပရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင် ကလေးငယ်တစ်ဦးချင်းစီအား အမှတ်တရ မေတ္တာလက်ဆောင်အဖြစ် အမွေးပွရုပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ကိုယ့်ပစ္စည်း ကိုယ်နှမြောတာ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

ကိုယ်ကိုယ်တိုင်သာ သူတော်ကောင်းဖြစ်အောင် ကြိုးစားပါ။ သူတော်ကောင်းဖြစ်အောင် နေလိုက်စမ်းပါ။

သူတော်ကောင်း သူတော်ကောင်းချင်းပေါင်းတာ သဘာဝတရားပါပဲ။

ကိုယ်နဲ့ မသူတော်နဲ့ တွေ့ဦးတော့ ကိုယ့်ရှေ့မှာ သူက ဘယ်လိုပဲလာလုပ်ပြလုပ်ပြ မကျေနပ်စရာ၊ စိတ်ဆိုးစရာတွေ မဖြစ်နိုင်ပါဘူး။

လူချင်းကပ်ပြီး ပေါင်းနေရတယ်ဆိုဦး စိတ်ခါတ်ချင်းကတော့ ကွာသွားပါတယ်။

ပေါင်းကြသင်းကြတာ လူချင်းပေါင်းတာ အဓိကမဟုတ်ပါဘူး၊ စိတ်ခါတ်ချင်းပေါင်းသင်းတာက အဓိကပါ။ စိတ်ခါတ်ချင်းပေါင်းလို့သာ အဆင်ပြေကြတာပါ။

ကိုယ့်သန္တာန်မှာသာ သူတော်ကောင်းခါတ်တွေ လွှမ်းထားရင် ကိုယ့်ပတ်ဝန်းကျင်မှာလည်း သူတော်ကောင်းခါတ်တွေ လွှမ်းနေပါတယ်။

ကိုယ်နဲ့တွေ့တဲ့သူတွေကလည်း သူတော်ကောင်းတွေချည်းသာ ဖြစ်လာပါတယ်။ ကိုယ်ကသာ သံလိုက်ဖြစ်ပြီး သံလိုက်အားကောင်းနေရင် သံကိုလိုက်ရှာစရာမလိုဘူး။ ကိုယ့်ဆီကို သံမှုန်တွေက ပြေးပြီး လာကပ်ပါတယ်။

ကိုယ်ကသာ သူတော်ကောင်းခါတ်တွေ အားကောင်းစမ်းပါ။ သူတော်ကောင်းဖြစ်မယ့်သံတွေကလည်း ကိုယ့်ဆီပြေးပြီးလာကြပါတယ်။ တကယ်တမ်းသာ သူတော်ကောင်းတွေနဲ့ တွေ့ချင်၊ ဆုံချင်၊ ကြုံချင်၊ ပေါင်းသင်းဆက်ဆံချင်တယ်ဆိုရင် ကိုယ်တိုင်က သူတော်ကောင်းဖြစ်အောင်လုပ်ရမှာပါ၊ ကြိုးစားရမှာပါ။

ဒါနပြုလိုက်စမ်းပါ။ သူတော်ကောင်းခါတ်တွေ၊ တိုးပွားလာပါတယ်။ လှူတာက သူတော်ကောင်းခါတ်တွေကို စုတာပါ။ ကိုယ့်ပစ္စည်း သူများပေးတယ်ဆိုတာ သူတော်ကောင်းစိတ်ခါတ်ရှိတဲ့ သူတော်ကောင်းတွေကမှ ပေးနိုင်တာပါ။ လှူဒါန်းနိုင်တာပါ။

"ကိုယ့်ပစ္စည်းကို ကိုယ်နှမြောတာက မသူတော်"တဲ့။ နှမြောတာအလွန်ဆိုးပါတယ်။ ငါးပြားပေးရပေးရ၊ ဆယ်ပြားပေးရပေးရ ကိုယ့်ပစ္စည်းကို သူများပေးဖို့ဆိုတာ မလွယ်ပါဘူး။ နှမြောတွန့်တိုတတ်တဲ့ လောဘ၊ လိုချင်တပ်မက်တဲ့ လောဘတွေကို ပယ်နိုင်အောင် လှူဒါန်းကြပါ။

လှူတယ်ဆိုတာ သူတော်ကောင်းခါတ်စုတာ။ သူတော်ကောင်းခါတ်တွေ တိုးပွားလာတာပါ။ သီလစောင့်တယ်ဆိုတာ သူတော်ကောင်းခါတ်စုတာ။ သူတော်ကောင်းခါတ်တွေ တိုးပွားလာတာပါ။

'တရားတွေ အားထုတ်ပါတယ်'လို့ဘယ်လောက်ပြောပြော၊ ဒါန၊ သီလ မပါရင် အဲဒီစကားကိုမယုံဘူး။ ယုံနိုင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့်မို့ ကိုယ့်ဒါနကို ကိုယ်ပြန်ပြီး ကြည့်စေချင်ပါတယ်။ ကိုယ့်ရဲ့ဒါန၊ ပေးချင်၊ လှူချင်တဲ့ဒါနစိတ်ခါတ်နဲ့ပတ်သက်ပြီး ကိုယ့်သန္တာန်မှာ သူတော်ကောင်းခါတ် ဘယ်လောက်ထိ ကိန်းနေပြီလဲ၊ ဘယ်လောက်သူတော်ကောင်းစိတ်ခါတ်တွေရှိနေပြီလဲဆိုတာ ပြန်ပြီးကြည့်ကြစေချင်ပါတယ်။ ကိုယ့်သီလကို ကိုယ်ပြန်ကြည့်စေချင်ပါတယ်။

ကိုယ့်သီလနဲ့ပတ်သက်ပြီး ကိုယ့်သန္တာန်မှာ သူတော်ကောင်းသီလခါတ်ဘယ်လောက်ကိန်းထားလဲ။ ဘယ်လောက် အများကြီးရှိသလဲ၊ ပြန်ပြီးကြည့်ကြစေချင်ပါတယ်။

ဘာဝနာအထုပ်ထုပ်ဖို့လည်း အရေးကြီးပါတယ်။ ဘာဝနာဆိုတာ စိတ်အလုပ်နဲ့ဆိုင်ပါတယ်။

သူတော်ကောင်း၊ သူတော်ကောင်းဆိုတာက ကာယကံလည်း သူတော်ကောင်း၊ ဝစီကံလည်း သူတော်ကောင်းလို့ ပြောနိုင်ပေမယ့် စိတ်ကသူတော်ကောင်းခါတ်ခံရှိလို့သာ သူတော်ကောင်းဖြစ်ကြရတာပါ။

စိတ်ဖောက်ပြန်ရင် ကာယကံပြုလုပ်သမျှတွေ၊ ဝစီကံ ပြောသမျှတွေ၊ မနောကံ စဉ်းစားသမျှတွေ ဖောက်ပြန်ကုန်ရော။ အကောင်းမဖြစ်၊ မကောင်းတာတွေ ဖြစ်ကုန်ကြရော။ စိတ်ကောင်းမှ အားလုံးကောင်းပါတယ်။ စိတ်ခါတ်ကောင်းမှ အလုပ်ကံ၊ အပြောကံ၊ စိတ်ကူးတဲ့ကံတွေ အားလုံးကောင်းကြရတာပါ။

စိတ်က သူတော်ကောင်းစိတ်ခါတ်ရှိမှ ကာယကံလုပ်သမျှ သူတော်ကောင်းအလုပ်၊ ဝစီကံတွေပြောသမျှ သူတော်ကောင်းအပြော။ မနောကံတွေ ကြံစည်သမျှ သူတော်ကောင်းအကြံအစည်တွေ ဖြစ်ကြပါတယ်။

စိတ်လေးတွေ ကောင်းကြစမ်းပါ။ မကောင်းတဲ့စိတ် မမွေးကြပါနဲ့။ အပါယ်ရောက်ချင်လို့ စိတ်လေးမကောင်းအောင် မွေးနေကြတာလား။

ငရဲရောက်ချင်လို့ စိတ်ဆိုးတွေကို မွေးနေကြတာလား။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ ဖြစ်ချင်လို့ ကိုယ့်စိတ်ကို ကိုယ်ကလက်လွှတ်စပယ်ထားကြတာလား။ ဆိုးတဲ့စိတ်တွေ အဖြစ်ခံနေကြတာလား။ အဲဒီလိုမလုပ်ကြပါနဲ့တော့။



ဘာဝနာတရားကို လက်ကိုင်ထားကြစမ်းပါ။ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပြီးရင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဆိုတာရှိပါတယ်။ ပညာအရာမှာတော့ တပည့်တွေထဲမှာ အသာဆုံးပါပဲ။ ကြည်ညိုစရာကောင်းလိုက်တာ။

ဦးပဥ္စင်းတို့တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပြီးရင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို အကြည်ညိုဆုံးပါပဲ။ **(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဒွေ့သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပရိတ်ရွတ်မှုနာမှု

(၂၆-၁၂-၂၀၂၄ ရက်နေ့မှအဆက်)

ပရိတ်ရွတ်မည့် သံဃာတော်ကို ပင့်သည့်အခါမျိုး၌ပင် "ပရိတ်တရားချီးမြှင့်ပေးပါဘုရား" စသည်ဖြင့် ဝိနည်းပြစ်နှင့် လွတ်၊ မလွတ်ကို တတ်သိနားလည်သောသူကိုမှ ပင့်ခိုင်းသည်။ ဝိနည်းစည်းကမ်းနှင့် မညီသော "မကျန်းမာ၍ အနှောင့်အယှက်များ ကာကွယ်ပေးပါ။ ပရိတ်ရွတ်ပြီး မကောင်းဆိုးဝါးများကို နှင်ထုတ်ပေး ပါ" စသည်ဖြင့် ဆေးကုသမှုသဘောမျိုးနွယ်သော အပင့်မျိုးဖြင့် မပင့်ကောင်းချေ။ ရဟန်းသံဃာတော်များမှာ ဆေးဝါးမကုသကောင်းသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် ပရိတ်ရွတ်၊ ပရိတ်နာနှင့်စပ်လျဉ်းသည့် အရာများကိုလည်း လေ့လာထားဖို့လိုပေသည်။




## ကုသိုလ်စံနှင့် အကုသိုလ်စံ

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များသည် ကံကို ယုံကြည်ကြသည်။ ဆင်းရဲနှင့်တွေ့က "ကံမကောင်း' ဟုဖြေသာသလို ချမ်းသာနှင့်တွေ့ကလည်း "ကံတရားအကြောင်းက ကောင်းပြီကော ချမ်းသာမှာပေါ့"ဟု နှလုံးသွင်းကာ ချမ်းသာမှုဒဏ်ကို ခံနိုင်ကြသည်။

သို့ဖြင့် ကျွန်တော်တို့သည် ကိုယ်ယုံကြည်ရာ 'ကံ' အကြောင်းကိုလည်း အထိုက်အလျောက် လေ့လာထားဖို့လိုပြန်သည်။

ကျွန်တော်တို့ ယုံကြည်သော'ကံ'ဟူသည် အလုပ်ပင်ဖြစ်သည်။ "အလုပ်" နှစ်မျိုးကား ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်ကိုမူ "အကုသိုလ်အလုပ်၊ အကုသိုလ်ကံ"ဟုခေါ်လေသည်။

သို့ဖြစ်သော် ကျွန်တော်တို့အဖို့ ကိုယ်လုပ်ရာအလုပ်ကို ကုသိုလ်အလုပ်လော၊ အကုသိုလ်အလုပ်လော စံထိုးကြည့်ရန်လည်း ဗုဒ္ဓကအဘိဓမ္မာဒေသနာတွင် ဟောကြားထားပေသည်။ ထိုစံနှစ်မျိုးအနက် ကုသိုလ်အလုပ် ဟုတ်၊မဟုတ်သိရန်မှာ ကိုယ်လုပ်သည့်အလုပ်သည် ၁။ အနဝဇ္ဇ-အပြစ်မရှိခြင်းနှင့် ၂။ သုခဝိပါက-ကောင်းကျိုးချမ်းသာပေးခြင်း ဖြစ်၊ မဖြစ်ဟူသော "စံ" ပင်ဖြစ်သည်။ ကိုယ်လုပ်သည့်အလုပ်သည် အပြစ်လည်းမကင်း၊ ကိုယ့်အတွက် မကောင်းကျိုးပေးမှန်းလည်းသိလျှင် ထိုအလုပ်သည် အကုသိုလ်အလုပ်ပင်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ အလုပ်တစ်ခုခုကို (က) မလုပ်မီ (ခ) လုပ်ပြီးပါက ထိုအလုပ်ကို ဗုဒ္ဓညွှန်ကြားထားတော်မူခဲ့သော အထက်ပါ'စံ'များနှင့် ကိုယ့်ဘာသာကိုယ် ချင့်ချိန်စဉ်းစားကြည့်ပြီး ကောင်းသောအလုပ်၊ ကောင်းသောကံဖြစ်ပါက လက်ခံလုပ်ကိုင်၍ မကောင်းသောအလုပ်၊ မကောင်းသောကံဖြစ်ပါက မမေ့မလျော့သော အပ္ပမာဒသတိနှင့် တဖြည်းဖြည်းချင်း ရှောင်ကြဉ်သွားရပေမည်။

သို့မှသာ ကျွန်တော်တို့အဖို့ သံသရာ ဒုက္ခဆင်းရဲမှ ကင်းလွတ်သက်သာကြမည်ဖြစ်သည်။

## ကံစွမ်းရည်လေးမျိုး

ကျွန်တော်တို့သည် ကံနှင့်ပတ်သက်၍ 'စံ' နှစ်မျိုးကို လေ့လာပြီးခဲ့ပြီ။ ကုသိုလ်ကံ၏စံမှာ အပြစ်မရှိခြင်း၊ ကောင်းကျိုးခံစားရခြင်းဖြစ်၍ အကုသိုလ်ကံ၏ 'စံ' မှာ အပြစ်ရှိခြင်း မကောင်းကျိုးခံစားရခြင်းတို့ဖြစ်ကြောင်းသိခဲ့ပြီ။

ထို 'စံ'များကို အမြဲနှလုံးသွင်းထားပြီး နေ့စဉ်တွေ့ကြုံရမည့် အလုပ်ကံနှင့်ပတ်သက်၍ လုပ်သင့်မလုပ်သင့်ကို ကိုယ့်ဘာသာကိုယ် သတိရှိသွားဖို့ပင်ဖြစ်သည်။

တစ်ခါ အခုဆက်လက်လေ့လာထားဖို့ လိုသေးသည်က ကျွန်တော်တို့လုပ်သော အလုပ်ကံတို့၏ကိစ္စခေါ် စွမ်းရည်သတ္တိပင်ဖြစ်သည်။ ကျွန်တော်တို့သည် အလုပ်တစ်ခုခုကို လုပ်ပြီးတိုင်း မေ့မေ့ပျောက်ပျောက်ရှိတတ်ပါသည်။ ကျွန်တော်တို့ကသာ မေ့ပျောက်သည်။ ကျွန်တော်တို့ လုပ်ခဲ့သောကံတို့ကမူ မမေ့မပျောက်။ ကျွန်တော်တို့ စီမံဆောင်ရွက်ပြီးသည်နှင့် သူ့စွမ်းရည် သတ္တိလေးမျိုးကို ကုသိုလ်ကံလုပ်လည်း ကျွန်တော်တို့မှာ ကေန်ရသည်။ အကုသိုလ်ကံ အလုပ်ကိုလုပ်လည်း ထိုသတ္တိလေးမျိုးကို ကေန်ရသည်ချည်းဖြစ်သည်။

ကျွန်တော်တို့နောက်သို့ အရိပ်ပမာလိုက်သည်ဟူသည်မှာ ထိုစွမ်းရည်လေးမျိုးပင်ဖြစ်သည်။ နောက်ကနေလိုက်နေသည်ကား သက်သက်အပျော်လိုက်နေသည်မဟုတ်။ အကျိုးပေးလို၍ လိုက်နေခြင်းဖြစ်သည်။ အကျိုးပေးခွင့်ကြုံသည်နှင့် အကျိုးထိုးပေးကြသည်ချည်းဖြစ်သည်။ ထိုသတ္တိလေးမျိုး သို့မဟုတ် ကံတို့က လုပ်ပေးမည့်ကိစ္စလေးမျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဇနကကိစ္စ (သို့မဟုတ်) ဇနကသတ္တိ (ဖြစ်စေသတ္တိ)

၂။ ဥပတ္ထမ္ဘကကိစ္စ (သို့မဟုတ်) ဥပတ္ထမ္ဘကသတ္တိ (ထောက်ပံ့သတ္တိ)

၃။ ဥပပီဠကကိစ္စ(သို့မဟုတ်) ဥပပီဠကသတ္တိ (အနီးကပ်နှိပ်စက်သည့် သတ္တိ)

၄။ ဥပဃာတကကိစ္စ(သို့မဟုတ်) ဥပဃာတကသတ္တိ (အနီးကပ်သတ်ဖြတ်သည့်သတ္တိ) တို့ဖြစ်သည်။

(ဖြစ်၊ ထောက်၊ နှိပ်၊ သတ်၊ ဤလေးရပ် သတ္တိကံတရား)

ထိုသတ္တိလေးမျိုးကို ကုသိုလ်ကံလုပ်လည်း ကျွန်တော်တို့ရမည်။ အကုသိုလ်ကံအလုပ်လည်း ထို့အတူရပေမည်။ ထိုလေးမျိုးကို အလုပ်ကံလုပ်ပြီးသူတိုင်း ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ အဆင့်အတန်းမခွဲခြား တစ်ပြေးညီရပေမည်။

ကျွန်တော်တို့က ယူချင်သည်ဖြစ်စေ၊ မယူချင်သည်ဖြစ်စေ ငြင်းပယ်၍မရ၊ ကေန်မုချရမည်သာဖြစ်သည်။

ထို့ကြောင့် အလုပ်ကံတစ်ခုခုကို လုပ်ပြီးသူတိုင်း "ငါ့အတွက် ကံကိစ္စ သို့မဟုတ် ကံသတ္တိလေးမျိုးဖြင့် ရလေပြီ"ဟု နှလုံးသွင်း၍ အကောင်းသဘောဖြစ်အောင် ချင့်ချင့်ချိန်ချိန် ဆောင်ရွက်သင့်ပေသည်။

# ဇွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၃၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်

ဘားအံ ဇန်နဝါရီ ၁

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၏ ကျက်သရေဆောင် ဆံတော်ရှင်ဇွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ဇွဲကပင်တောင်ခြေ၌ ကျင်းပရာ အသက် ၄၀ နှစ်အောက် အမျိုးသား ၅၇၅ ဦး၊ အမျိုးသမီး ၅၅၀၊ အသက် ၄၀ နှစ်အထက် အမျိုးသား ၁၅၀၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၃၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အမြင့်ပေ ၂၇၀၀ ကျော်ရှိ မက်စောက်မြင့်မားသော ဇွဲကပင်တောင်အား ဖြတ်ကျော်၍ ပြိုင်ပွဲဝင်ရခြင်းဖြစ်ပြီး ကရင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကိုက ဇွဲကပင်တောင်ခြေအရှေ့ခြမ်း သစ်ခြကျေးရွာ တံတားဖြူတွင် သေနတ်ပစ်ဖောက်တာလွှတ်ပေး၍ ပြိုင်ပွဲအားစတင်ယှဉ်ပြိုင်စေကာ ဇွဲကပင်တောင်ခြေအနောက်ခြမ်း တော်ပုံကျေးရွာ လုမ္ဗနီဥယျာဉ်အလယ်တန်းကျောင်းရှေ့၌ ပြန်လည်ပန်းဝင်ခဲ့ခြင်းဖြစ်သည်။



ဇွဲကပင်တောင်အတက်/အဆင်းပြိုင်ပွဲ အသက် ၄၀ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ၅၃ မိနစ် ၃၅ စက္ကန့်၊ အမျိုးသမီး ၁ နာရီ ၂၀ မိနစ်၊ အသက် ၄၀ နှစ်အထက် အမျိုးသား ၁ နာရီ ၂၅ စက္ကန့်၊ အမျိုးသမီး ၁ နာရီ ၂၂ မိနစ်တို့ ပြန်လည်ပန်းဝင်လာကြရာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်တက်အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇန ဟိတဓရ သီရိပျံချီဘဒ္ဒန္တကဝိဇေက အသက်အငယ်ဆုံးပြိုင်ပွဲနှစ်ဦးနှင့် အသက်အကြီးဆုံး ပြိုင်ပွဲဝင်နှစ်ဦးတို့အား ဂုဏ်ပြုဆုများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသက် ၄၀ နှစ်အောက် အမျိုးသား အမျိုးသမီး နှစ်သိမ့်ဆု ၆ မှ ၅၀ ထိ၊ အသက် ၄၀ နှစ်အထက် အမျိုးသား အမျိုးသမီး နှစ်သိမ့်ဆု ၆ မှ ၃၅ ထိရရှိကြသူများ၊ အသက် ၄၀ နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အသက် ၄၀ နှစ်အထက် အမျိုးသမီးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသူများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကက အသက် ၄၀ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အသက် ၄၀ နှစ်အထက် အမျိုးသားပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

**❍ ASEAN Cup မှ**



ဗိုလ်လုပွဲတက်ရောက်လာသည့် ဗီယက်နမ်အသင်းသားများ အောင်ပွဲခံစဉ်။

ဗီယက်နမ်အသင်းသည် အုပ်စု(B)တွင်ပါဝင်ခဲ့ပြီး လာအိုအသင်းကို လေးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားကို တစ်ဂိုး-ဂိုးမရှိ၊ မြန်မာအသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး ဖိလစ်ပိုင်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဆီမီးဖိုင်နယ်တွင် စင်ကာပူကို နှစ်ကျော့စလုံးအနိုင်ယူကာ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းမှာမူ အုပ်စု(A)တွင် ပါဝင်ပြီး တီမောအသင်းကို ၁၀ ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို လေးဂိုး-နှစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်သော်လည်း အိမ်ကွင်းပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် ပြန်အနိုင်ရကာ နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးဖြင့် တက်ရောက်လာခြင်းဖြစ်သည်။

ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းသည် ဗိုလ်လုပွဲအဆင့်တွင် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၀၈ ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သလို ၂၀၂၂ ပြိုင်ပွဲတွင် ထိုင်းအသင်းက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းသည် ဗိုလ်လုပွဲအဆင့်တွင် နောက်ဆုံးနှစ်ကြိမ် ဆက်တိုက်တွေ့ဆုံခြင်းဖြစ်သည်။ **သတင်း - ကိုညီလေး**

**ဓာတ်ပုံ - VFF**

---

# ဒေါ်ပုံမြို့နယ်၌ ရပ်ကွက်ပေါင်းစုံ လူသစ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ဒေါ်ပုံ ဇန်နဝါရီ ၁

ဗိုလ်တထောင်ခရိုင် ဒေါ်ပုံမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဒေါ်ပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ လူသစ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

**အားပေးနှုတ်ဆက်**

ဦးစွာ ဒေါ်ပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပိုက်ကျော်ခြင်းပြိုင်ပွဲဝင်အသင်းရှစ်သင်းမှ အားကစားသမားများအား လိုက်လံအားပေးနှုတ်ဆက်ကြသည်။

ထို့နောက် ဒေါ်ပုံမြို့နယ် ရိုးရာခြင်းလုံးအဖွဲ့မှ သရုပ်ပြခြင်းခတ်ဖျော်ဖြေကြရာ ဒေါ်ပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရပ်ကွက်ပေါင်းစုံက ပြိုင်ပွဲဝင်အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



---

# MFF ဖူဆယ်လိဂ်(၁) ပြိုင်ပွဲဝင် MIU နှင့် YRG အသင်း နိုင်ငံခြားသားကစားသမားများခေါ်ယူ




ရန်ကုန် ဇန်နဝါရီ ၁

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်(၁) ပြိုင်ပွဲယှဉ်ပြိုင်နေသည့် MIU အသင်းနှင့် YRG အသင်းတို့သည် နိုင်ငံခြားသားကစားသမားများ ခေါ်ယူအားဖြည့်ခဲ့သည်။

MIU အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းကမှ ပြီးဆုံးသွားသည့် ထိုင်းဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဟောင်ယန်သာခမ် အသင်းတွင် ကစားခဲ့သည့် ထိုင်းနိုင်ငံသားကီတီဆက်ကို ခေါ်ယူအားဖြည့်ခဲ့သည်။ MIU အသင်းသည် ရာသီသစ်မစတင်မီ ပြည်တွင်းကစားသမားများဖြစ်သည့် Generations အသင်းမှ ဆက်ဝေယံ၊ ဟသ်ာအသင်းမှ ထူးဝေယံတို့ကိုလည်း ခေါ်ယူထားသည်။ ထို့ပြင် ယခုရာသီတွင် လိဂ်(၁)ပြိုင်ပွဲသို့ တန်းတက်လာသည့် YRG အသင်းသည် MFF ဖူဆယ်လိဂ်တွင် လာရောက်ကစားခဲ့ဖူးသည့် အာဖဂန်နစ္စတန်နိုင်ငံသား ဆာမီမီကို ခေါ်ယူခဲ့သည်။ ဆာမီမီသည် မြန်မာဖူဆယ်ကလပ်ဖူဆယ်ချစ်သူအသင်းတွင် လာရောက်ကစားခဲ့ဖူးသူဖြစ်သည်။ YRG အသင်းသည် ရာသီသစ်မစတင်မီ လက်ရွေးစင်အဆင့်ကစားသမားများဖြစ်သော မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ထွဋ်ဝေထွန်းနှင့် နိုင်လင်းထွန်းကျော်တို့ကို ခေါ်ယူအားဖြည့်ထားသည်။

ဖူဆယ်လိဂ်(၁) ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းအချို့မှာလည်း နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားပြီး လာမည့်ပွဲစဉ်များတွင် ပါဝင်လာမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MIU FC**

MIU အသင်း ခေါ်ယူခဲ့သည့် ထိုင်းကစားသမား ကီတီဆက်။

---

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းလွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၈၆ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၂၈-၁၂-၂၀၂၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

အခမ်းအနားသို့ မွန်မြတ်သော စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေနှင့် အဝတ်အထည်များ ဦးဆောင်ထည့်ဝင်လှူဒါန်းပေးပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဌာနချုပ် (နေပြည်တော်)၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များနှင့်တကွ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပုပ္ပါးကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၂၁၁)၊ အလျား ၆၀ပေ x အနံ ၆၀ ပေ ရှိသော မြေကွက်ကို ဦးစိုးမြင့် [၉/တကန(နိုင်)၀၀၄၁၈၅]က မြေပေးအမိန့် အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါ ဦးစိုးမြင့်ထံမှ ဝယ်ယူပိုင်ဆိုင်နေထိုင်သူ ဦးမင်းရွှေ [၉/ကပတ(နိုင်)၁၆၅၅၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးရဲတင့် [၉/တကန(နိုင်)၁၁၄၆၃၀]ထံမှ ကျွန်တော် ဦးဇင်မင်းသန့် [၉/ခအဇ(နိုင်)၀၂၃၈၆၂]က အဆိုပါ မြေကွက်နှင့် ဆက်စပ်ပစ္စည်းများအား ၁၁-၁၂-၂၀၂၄ ရက်နေ့တွင် ငွေချေပြီး လက်ခံရရှိပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများပြ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မင်းသန့်**
**[၉/ခအဇ(နိုင်)၀၂၃၈၆၂]**
**ပုပ္ပါးကုန်းရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း-၀၉-၆၉၅၄၉၀၀၀၁**



## ငဖဲမြို့ ချင်းစုရပ်တွင် မေမြို့ပန်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

ငဖဲ ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့ ချင်းစုရပ်ကွက်သည် မန်းချောင်းနံဘေးတွင် တည်ရှိပြီး အရှေ့ဘက်ကိုင်းမြေနှင့်လယ်မြေများတွင် မြေအောက်ရေဖြင့် ရာသီအလိုက် သီးနှံများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် မေမြို့(ချင်းမိုင်) ပန်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး မိသားစု ဝင်ငွေနေ့စဉ် ရရှိကြောင်း တောင်သူ ဒေါ်သင်းခိုင်ထံမှ သိရသည်။

မေမြို့(ချင်းမိုင်)ပန်းများကို ယခင်နှစ်က မျိုးစေ့ချန်ထားပြီး မိုးအကုန်တွင် သီးနှံမျိုးစေ့များကို စတင်ပျိုးထောင်၍ မြေအောက်ရေသွင်းကာ စိုက်ပျိုးရောင်းချကြောင်း၊ မေမြို့ပန်းသည် မြေကောင်းကြိုက်သည့်အပြင် ရေကိုလည်း အလွန်နှစ်သက်သောကြောင့် နေ့စဉ်ရေသွင်းပေးရကာ နွားချေးနှင့် ဓာတ်မြေသြဇာများ ကျွေးပေးရကြောင်း၊ ယခုနှစ်ဆောင်းရာသီဝင်စ ဟင်းသီးဟင်းရွက်နှင့်ပန်းမန်များ စိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှုရှိ၍ စိုက်ပျိုးမှုနောက်ကျရကြောင်း၊ မိမိ၏လယ်မြေတစ်ဧကတွင် မေမြို့ပန်းများနှင့်အတူ အခြားဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထားရှိပြီး ကိုင်းမြေမှထွက်ရှိသည့် ပန်းများနှင့် ဟင်းသီးဟင်းရွက်များကို ငဖဲမြို့မဈေးတွင် ရောင်းချ၍ အခင်းသို့ ဖောက်သည်လာဝယ်သူများလည်း ရှိကြောင်း၊ ဆောင်းသီးနှံများကို ရာသီအလိုက် စိုက်ပျိုးရောင်းချရ၍ ဝင်ငွေတိုးပွားကာ မိသားစုစားဝတ်နေရေးအဆင်ပြေကြောင်း တောင်သူ ဒေါ်သင်းခိုင်က ပြောသည်။

ငဖဲမြို့နယ်တွင် မြို့မရပ်ကွက်၊ ချင်းစုရပ်ကွက်၊ အိုးမြေတွင်းကျေးရွာနှင့် ပန်းထိန်းကျေးရွာများတွင် မြေအောက်ရေနှင့်မန်းချောင်းရေကိုအသုံးပြု၍ လယ်မြေကိုင်းမြေများတွင် ဆောင်းသီးနှံဟင်းသီး ဟင်းရွက်များနှင့်အတူ မေမြို့ပန်း၊ သစ္စာပန်းနှင့်ဂန္ဓမာပန်းများကိုစိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

မယု(ငဖဲ)

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၈)၊ နီလာ(၅)လမ်း၊ မြေကွက်အမှတ်(၄၅၇)၊ **ဒေါ်ငွေရှင်** အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ မြေအကျယ်အဝန်း(၂၀ × ၆၀)ပေ ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦ၏(တတိယထပ်)၊(၄လွှာ)၊ တိုက်ခန်းအကျယ်အဝန်း(၁၇ × ၅၄)ပေရှိတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်စန်းစန်းစိုး(၁၂/ဥကမ(နိုင်)၀၃၁၇၅၃)**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်သူရ(၁၄/သပန(နိုင်)၀၇၃၅၆၅)**က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ စရန်ငွေများအား ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူရ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်စေးရာလ်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၂)
အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၄၀၈၇၅၆၀၈၉။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ခွာညိုလမ်းနှင့် နှင်းပန်းလမ်းထောင့်၊ အမှတ်-၁၁၅၁၊ **ဦးချစ်လှိုင် (TTE-၀၀၉၆၈၆)**အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်၊ မြေအကျယ်အဝန်း (၄၀ × ၆၀)ပေ အနက်မှ မြေအကျယ်အဝန်း (၂၀ × ၆၀)ပေ (ခေါင်းရင်းခြမ်း) ရှိမြေကွက်နှင့် နေအိမ်အား တရားဝင်ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးရန်ဒရီကာ ပရာဆတ်(၇/ဇမန(နိုင်)၁၃၄၄၂၉)**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နုနုလွင်(၁၂/ဒဂန(နိုင်)၀၂၁၀၀၃)**က အပိုင်ဝယ်ယူရန်အတွက်အရောင်းတန်ဖိုး၏စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နုနုလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်စေးရာလ်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၂)
အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၄၀၈၇၅၆၀၈၉။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ စမ်းချောင်းကျောင်းလမ်း၊ ခြံအမှတ်(၃)နေ ဒေါ်သန်းသန်း [၁၂/မရက(နိုင်) ၀၂၁၉၀၂] ကိုင်ဆောင်သူနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ သီရိကွန်ဒိုအိမ်ရာနေ ဦးသင်းမောင် [၁၂/မရက(နိုင်) ၀၇၂၈၇၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ စမ်းချောင်းကျောင်းလမ်း၊ မြေကွက်အမှတ်- ၂/ဂ-၄ ဘီ၊ ဧရိယာ (၀.၃၂၅)ဧကရှိ မြေပိုင်မြေကွက် ဖြစ်ပါသည်။ ယင်းမြေနှင့် မြေကွက်ပေါ်မှ အမှတ်(၃)၊ စမ်းချောင်းကျောင်းလမ်း၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ခရစ်ယာန်ဘာသာဝင်တို့၏ ဓလေ့ထုံးစံအတိုင်း (၁) ဒေါ်မြစန္ဒာရင် [၁၂/မရက(နိုင်) ၀၁၀၂၀၅]၊ (၂) ဦးသူရိန်ခင်မောင်ရင် [၁၂/လသန(နိုင်) ၀၂၁၃၈၃]၊ (၃) ဒေါ်လှလှဝင်း [၁၄/လပတ(နိုင်) ၀၀၆၉၇၅]၊ (၄) ဒေါ်သန်းသန်းဝင်း [၁၂/မရက(နိုင်) ၀၁၀၂၀၃]၊ (၅) ဒေါ်ကေသီတင်မျိုးနိုင် [၁၂/ပဇတ(နိုင်) ၀၁၅၃၆၄]၊ (၆) ဒေါ်သန္တာတင်စိုးနိုင် [၁၂/ပဇတ(နိုင်) ၀၁၃၆၃၈]၊ (၇) ဒေါ်နွယ်နီတင်ထားနိုင် [၁၂/ပဇတ(နိုင်) ၀၀၄၁၀၇]တို့အား မေတ္တာသက်သက်ဖြင့် အဖိုးစားနားတစ်ပြားတစ်ချပ်မှ ရယူခြင်းမရှိဘဲ အဆိုပါ အိမ်နှင့်မြေကို မေတ္တာဖြင့် အပိုင်ပေးကမ်းလိုက်ပါသည်။ အဆိုပါ အိမ်နှင့်မြေအား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူ ( L.L.B ) (Dip in Acct.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၉၄ / ၁၉-၁၂-၁၉၉၇)**
**တိုက်အမှတ်- ၉/၁၁၊ အခန်း- ၃၀၂၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၅၆၂၂၅၊ ၀၉-၄၃၀၈၆၂၁၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၉**

| | | |
|---|---|---|
| ဒေါ်ဖွန်ပွင့်ဖြူအေး | နှင့် | ဒေါ်ဝေင်း(ခ)ဒေါ်အေးဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၉၈၆)နေ ဒေါ်ဝေင်း(ခ)ဒေါ်အေးဝင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌တရားလိုက **"ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## "(၃-၃-၂၀၂၄)နေ့စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၄)၌ Naing & Nandar Company Limited မှ (ဒု)ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်(ခ)ဦးမျိုးနိုင်ဦး[၇/လပတ(နိုင်)၁၃၃၆၈၄](ဘ) ဦးတင်အေးအပေါ် ဦးရဲဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းထိန်(တရားလွှတ်တော်ရှေ့နေ)မှအများသိစေရန် ကြော်ငြာခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကြေညာခြင်း"

